မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၉၃)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြု



**နေပြည်တော် ဇူလိုင် ၁၉**

၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဂါရဝပြုသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာချောချောစိန်၊ ဦးထိန်လင်း၊ ဦးကိုကိုလွင်၊ ဦးခင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊

**စာမျက်နှာ ၁၆ ကော်လံ ၄✩**

**လွမ်းသူ့ပန်းခွေချ အလေးပြု**

၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏လွမ်းသူ့ပန်းခွေကို ချ၍ အလေးပြုကြစဉ်။





**ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်အား ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံခဲ့**

စာ - ၅ သို့

**(၇၉)နှစ်မြောက် အာဇာနည်နေ့၌ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူနှင့် ပြည်သူအများအပြား လာရောက်ကြည့်ရှုလေ့လာ**

စာ - ၁၁ သို့

**(၇၉)နှစ်မြောက် အာဇာနည်နေ့ဝမ်းနည်းခြင်း အထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ လွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနား အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)၌ကျင်းပ**

စာ - ၁၁ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၀ ရက်)

# ပြည်သူများအတွက် စိုက်ပျိုးမွေးမြူရေးဇုန်များပိုမိုပေါ်ပေါက်ရေး

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အဓိကထား ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးမွေးမြူရေးဇုန်များတည်ထောင်ခြင်း၊ သမဝါယမစနစ်ကိုကျင့်သုံးဆောင်ရွက်ခြင်းများပါဝင်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်(မှော်ဘီ)၊ (၂၆)မိုင်ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တို့မှ ဇုန်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်းလည်ပတ်နေမှုအနေဖြင့် ငါး၊ ဥစားဘဲ၊ ဥစားကြက်၊ အသားတိုးဝက်၊ အသားတိုးကြက်၊ နို့စားနွား၊ အသားစားနွား စသည့်မွေးမြူရေးလုပ်ငန်းများပါဝင်သည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် အထွက်နှုန်းတိုးတက်မြင့်မားစေရေး၊ မျိုးကောင်းမျိုးသန့်များရွေးချယ်မွေးမြူခြင်း၊ ခေတ်မီနည်းစနစ်နှင့်စက်ကိရိယာများသုတေသနပြုအသုံးချမွေးမြူခြင်း၊ သားဖောက်မွေးမြူခြင်းနှင့် မွေးမြူရေးအစာအရည်အသွေးပြည့်စုံကောင်းမွန်မှုရှိစေရေး စီမံဆောင်ရွက်လျက်ရှိပြီး ထွက်ရှိလာသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းမှာ ဒေသတွင်း အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ရာသီသီးနှံများဖူလုံမှုရှိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၇ သန်းကျော် ၈ သန်းခန့်၏ နေ့စဉ် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်ရေးကို အဓိကဦးတည်ဆောင်ရွက်ခြင်းဖြစ်သည်။ သီလဝါစိုက်ပျိုးမွေးမြူရေးဇုန်မှထွက်ရှိသည့် အသားငါးများသည် တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များနှင့် သီလဝါစက်မှုဇုန်တို့၏စားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်။ အလားတူ ငါးမွေးမြူရေးလုပ်ငန်း(ရွှေမုယင်း)မှ ထွက်ရှိသည့် ငါးများ၊ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်(မှော်ဘီ)မှထွက်ရှိသည့် ဝက်သား၊ ကြက်ဥနှင့် ကြက်သားများ၊ (၂၆) မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံမှထွက်ရှိသည့် အသား၊ နို့နှင့် နို့ထွက်ပစ္စည်းများသည်လည်း ရန်ကုန်တိုင်းဒေသကြီး၏စားရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင်လ ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြမှုအပေါ် လမ်းညွှန်မှာကြားစဉ် **“နိုင်ငံတော်တွင် နိုင်ငံရေးအရ တည်ငြိမ်မှုရှိသည်ဟုဆိုရာတွင် ပြည်သူလူထု၏စားရေးအဆင်ပြေရန်၊ စီးပွားရေးအရ ပြေလည်ရန် အဓိကလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများစားရေးအဆင်ပြေမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးဇုန်များကို ဒေသအလိုက် မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အကျိုးအမြတ်ရရှိရေးသည် အဓိကမဟုတ်ဘဲ ပြည်သူလူထုအနေဖြင့် အသား၊ ငါးနှင့် ရာသီသီးနှံများကို သက်သာသောဈေးနှုန်းများဖြင့် လုံလုံလောက်လောက် ဝယ်ယူစားသောက်နိုင်စေရေးအတွက်ကိုသာ အဓိကဆောင်ရွက်ခြင်းဖြစ်သဖြင့် ယခုထက်ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း”** ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး လူဦးရေများပြားစွာရှိနေခြင်းကြောင့် ဝယ်လိုအားနှင့်ရောင်းလိုအား မျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်စေခြင်းဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင်ဆက်လက်အကောင်အထည်ဖော်လုပ်ဆောင်ကြရမည်ဖြစ်သည်။ ဇုန်များအလိုက် မြေအသုံးချမှုများကိုလည်း အကျိုးရှိရှိအသုံးပြုပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်သွားရန်လိုသကဲ့သို့ အထွက်နှုန်းများတိုးမြင့်လာစေရေးအတွက်လည်း စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရန်ကုန်မြို့သည် ယခင်က နိုင်ငံတော်၏မြို့တော်ဖြစ်သည်နှင့်အညီ စီးပွားရေးအရ အချက်အချာကျသည့်မြို့၊ ဖွံ့ဖြိုးတိုးတက်သည့်မြို့၊ အသိပညာအတတ်ပညာရှင်များဖြင့် စုစည်းကျစ်လျစ်သည့်မြို့ စသည့်အခြေခံကောင်းများစွာကိုပိုင်ဆိုင်ထားသည့်မြို့ဖြစ်သည်။ အခြားသောမြို့များထက် ဦးဆောင်စံပြဖြစ်ရမည်ဖြစ်ပြီး ဒေသတွင်းစားရေးအဆင်ပြေစေရေးအတွက် ဆက်လက်အကောင်အထည်ဖော်သွားကြရန်ဖြစ်သည်။

ဥစားကြက်၊ ဘဲမွေးမြူရေးနှင့်ပတ်သက်၍ ဥထွက်ရှိမှုပမာဏ၊ ဥသည့်အချိန်ကာလတို့ကို စနစ်တကျတွက်ချက်ချိန်ညှိ၍ အသုတ်လိုက်မွေးမြူသည့်စနစ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အထွက်နှုန်းတိုးမြင့်လာစေမည့် မွေးမြူရေးနည်းလမ်းများကိုလည်း ဆက်လက်လေ့လာဆောင်ရွက်ခြင်းဖြင့် မွေးမြူရေးလုပ်ငန်းများတိုးတက်စေမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင်လည်း မိရိုးဖလာသမားရိုးကျနည်းလမ်းများထက် ခေတ်မီနည်းစနစ်များအသုံးပြုစိုက်ပျိုးသည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ အလားတူ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း အသား၊ ငါးနှင့်ဥများဖူလုံမှုရှိစေရေး ဒေသအလိုက် နေထိုင်သည့်လူဦးရေနှင့်စားသုံးမှုအပေါ်မူတည်တွက်ချက်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် စနစ်တကျဖြင့်ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## သဲကုန်းမြို့နယ်၌ ၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါးလျာထားဧကကျော်လွန်စိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိ

သဲကုန်း ဇူလိုင် ၁၉

“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့” ဆောင်ပုဒ်နှင့်အညီ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေရန်နှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၆ ဘဏ္ဍာနှစ်တွင် မိုးစပါးလျာထားဧကကျော်လွန်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် သဲကုန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ညွှန်ကြားမှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များက ကြီးကြပ်၍ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား စိုက်ပျိုးနည်းစနစ်များ ကွင်းသရုပ်ပြသခြင်း၊ နှစ်စဉ်မျိုးကောင်းမျိုးသန့်မျိုးစေ့များပံ့ပိုးပေးခြင်း၊ သဘာဝမြေသြဇာပြုလုပ်နည်းများ သရုပ်ပြသခြင်း၊ သွင်းအားစုဓာတ်မြေသြဇာများကို သက်သာသောဈေးနှုန်းဖြင့် တောင်သူများအား ဖြန့်ဖြူးပေးခြင်း၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် စိုက်ပျိုးနည်းပညာများ လက်တွေ့ကွင်းဆင်းသရုပ်ပြသပေးခြင်းလုပ်ငန်းများ၊ စိုက်ပျိုးနည်းစနစ်သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် တောင်သူအသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးလျက်ရှိသည်။

သဲကုန်းမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ရေဆင်းပေါ်ဆန်း-၁ ဧက ၇၀၊ ရေဆင်းပေါ်ဆန်း ၆၉ ဧက၊ ထိုင်းနှံကောက် ၁၁၆၂၂ ဧက၊ မှော်ဘီ-၂ ၁၁၀၀၆ ဧက၊ ရက် ၉၀ မျိုး ၁၁၄၅၄ ဧက၊ ရတနာတိုး ၂၄၉၃၅ ဧက၊ ဗီယက်နမ် ဧက ၁၁၅၆၀၊ အင်းမရဲဘော် ၈၃၂၄ ဧက၊ ယာ-၁၄ ၈၃၀ ဧက၊ မနောသုခ ဧက ၂၂၀၀၊ အောင်နိုင်တိုး ဧက ၅၄၀ စုစုပေါင်း ဧက ၈၂၆၁၀ လျာထားလျက်ရှိရာ မိုးစပါးလျာထားဧကကျော်လွန် စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများက အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကျော်(သဲကုန်း)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၀-၇-၂၀၂၆(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |

Online Newspaper

the Myawady Daily မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄**
**စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်**
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်သူများပြောကြားသည့် အမှတ်တရရင်တွင်းစကားသံများ

**နိုင်ငံနှင့်လူမျိုးအတွက် ကိုယ်ကျိုးမငဲ့ဘဲ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးတို့၏ နေ့မအား ညမနားကြိုးစားအားထုတ်ခဲ့မှုများကို မြန်မာပြည်သူတစ်ရပ်လုံး၏ ရင်ထဲနှလုံးသားထဲတွင် အမြဲအမှတ်တရရှိနေစေရန်နှင့် အစဉ်အဆက်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ အတုယူလိုက်နာနိုင်စေရန် အာဇာနည်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် (၇၇)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ (၇၇) နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တို့သို့ လာရောက်ကြသည့် ပြည်သူများ၏ အမှတ်တရရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်။**



**ဒေါ်သီသီသောင်း**
**ဒုတိယညွှန်ကြားရေးမှူး**
**အမျိုးသားပြတိုက် (ရန်ကုန်)**

(၇၇)နှစ်မြောက် အာဇာနည်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (ရန်ကုန်) ကိုပြသနိုင်ဖို့အတွက် အကြီးစားပြုပြင်မှုတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ပြုပြင်မှုငါးခုကိုလည်း ပြတိုက်အတက်လမ်းမှာပြသထားပါတယ်။ လျှပ်စစ်ပိုင်းဆိုင်ရာမှတ်တမ်းဓာတ်ပုံတွေ၊ ရေသန့်လုပ်ငန်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံတွေ၊ ရှေးမူမပျက် အကြီးစားပြုပြင်ထိန်းသိမ်းတဲ့ မြို့ပြလုပ်ငန်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံတွေ စတာတွေကို ပြသထားပါတယ်။ ဗိုလ်ချုပ်ရဲ့စီလီကွန်ရုပ်တု၊ ထမင်းစားခန်း၊ အိပ်ခန်း၊ စာဖတ်ခန်း၊ ဧည့်ခန်း၊ ကလေးတွေအိပ်ခန်း၊ အစည်းအဝေးခန်း၊ ဘုရားခန်း၊ ဗိုလ်ချုပ်အောင်ဆန်းအားလပ်ချိန်မှာ စိုက်ပျိုးခဲ့တဲ့စိုက်ခင်းနဲ့ အောင်ဆန်းလင်း ရေနစ်သေဆုံးခဲ့တဲ့ရေကန်၊ ဗိုလ်ချုပ်စီးနင်းခဲ့တဲ့ မော်တော်ယာဉ် စတာတွေကို ပြသထားပါတယ်။ အများသူငါ သေချာမမြင်ခဲ့ရတဲ့ထမင်းစားခန်းမှာ အသုံးပြုခဲ့တဲ့ပန်းကန်တွေကိုလည်း ပြသထားပြီး ထမင်းစားခန်းနဲ့ကပ်လျက် စတိုခန်းကို ဒီနှစ်မှာ ဒစ်ဂျစ်တယ်နည်းပညာပြခန်းအနေနဲ့ ပြသထားပါတယ်။



**ဒေါ်ငုကေခိုင်**
**(ပြခန်းကျင်းပရေးကော်မတီ**
**တွဲဖက်အတွင်းရေးမှူး)**

ဝန်ကြီးများရုံးရဲ့ အထွေထွေပြခန်းတွေကို ဒီနေ့ ဝင်ကြေးအခမဲ့နဲ့ကြည့်ရှုနိုင်ဖို့စီစဉ်ထားပါတယ်။ မြန်မာနိုင်ငံရဲ့ ပထမဆုံးလွှတ်တော်ကို ပြသထားပါတယ်။ ပြီးတော့ သမိုင်းဝင်ပြကွက်တွေ၊ စာချုပ်စာတမ်းတွေကို ပြသထားပါတယ်။ ဒ့ါပြင် ဝန်ကြီးများရုံး၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၊ နတ်မောက်မှာရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွေမှာဆောင်ရွက်ထားတဲ့ အစီအစဉ်တွေကိုလည်း Touch Screen တွေနဲ့ပြသထားပါတယ်။ ဗိုလ်ချုပ်တို့လုပ်ကြံခံရတဲ့ ပြခန်းတွေ၊ အာဇာနည်ကြီးတွေလုပ်ကြံခံခဲ့ရစဉ်က ကျန်ခဲ့တဲ့အသုံးအဆောင်ပစ္စည်းတွေကို ပြသပေးထားပါတယ်။

**ဦးသက်ဦး**
**(ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး)**

ကျွန်တော်တို့က နှစ်စဉ် အာဇာနည်နေ့ရောက်တိုင်း ဆေးဘက်ဆိုင်ရာတာဝန်ထမ်းဆောင်ရပါတယ်။ ဆေးဘက်ဆိုင်ရာဆိုတဲ့နေရာမှာ နှစ်မျိုးရှိပါတယ်။ ရှေးဦးပြုစုခြင်းနဲ့ကုသခြင်း၊



ကာကွယ်ခြင်းနဲ့ ကုသခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အပိုင်းက ရှေးဦးပြုစုပေးမယ့်အပိုင်းပါ။ လူနာကို အခြေအနေမဆိုးအောင်၊ပြန်ကောင်းလာအောင် အထောက်အကူဖြစ်စေမယ့် ရှေးဦးပြုစုပေးတာပါ။ ရှေးဦးပြုစုပြီးတဲ့လူနာကို သက်ဆိုင်တဲ့ကုသမှုအပိုင်းရှိရာ ဆေးရုံ၊ ဆေးခန်းဆီကို လက်လွှဲပေးပါတယ်။ ပြီးရင် သက်ကြီးရွယ်အိုနဲ့ သံဃာတော်တွေကို တွဲကူပြီးလိုက်လံပို့ဆောင်ပေးရပါတယ်။

**ဆရာမ ဒေါ်ခင်ဆွေလွင်**
**အ.ထ.က(၂)(လမ်းမတော်)**

ကျွန်မက ဒေါ်ခင်ဆွေလွင်ဖြစ်ပါတယ်။ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (လမ်းမတော်)ကပါ။ ကလေးတွေကို အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးရဲ့အကြောင်းတွေကို ကျောင်းမှာဟောပြောပွဲတွေလုပ်ရင်း သိလာတယ်။ အခု ဒီမှာလည်း အလေးပြုရတဲ့ အာဇာနည်ဗိမာန်ကို လေ့လာစေချင်လို့ ကလေးတွေနဲ့လာရခြင်းဖြစ်ပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ဆုံးရှုံးသွားတဲ့အတွက် အများကြီးဝမ်းနည်းမိပါတယ်။ နိုင်ငံအတွက်လည်း ဆုံးရှုံးမှုအများကြီးဖြစ်စေပါတယ်။ အာဇာနည်ခေါင်းဆောင်



ကြီးတွေရဲ့ နိုင်ငံအတွက် လွတ်လပ်ရေးရရှိဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့တာတွေကို အနာဂတ်လူငယ်တွေအနေနဲ့ စံနမူနာပြအတုယူစေချင်ပါတယ်။ ကြိုးစားစေချင်တဲ့စိတ်ဓာတ်တွေ မွေးမြူကြစေလိုပါတယ်။ ဒါမှ အာဇာနည်ခေါင်းဆောင်ကြီးတွေလိုမျိုးပေါ်ထွက်လာပြီး နိုင်ငံအတွက် အများကြီးအကျိုးဖြစ်ထွန်းစေမှာပါ။ ကလေးတွေကိုလည်း အာဇာနည်ခေါင်းဆောင်ကြီးတွေလိုမျိုး စံနမူနာထားပြီး အမြဲသွန်သင်ဆုံးမပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့လမ်းစဉ်အတိုင်း လိုက်နိုင်ဖို့ ပြုစုပျိုးထောင်ပေးထားပါတယ်။

**ဦးတင်သန်း**

အာဇာနည်ဗိမာန်ကို လာရောက်ဂါရဝပြုတာသုံးနှစ်ရှိပါပြီ။ အာဇာနည်နေ့ရောက်တိုင်း မလာဘဲမနေနိုင်ပါဘူး။ အရမ်းလည်းဝမ်းနည်းမိပါတယ်။ ဒီနှစ်မှာလည်း ပုံမှန်အတိုင်း မပျက်မကွက်လာရောက်ဂါရဝပြုတာပါ။ အစောကြီး



ကတည်းက အာဇာနည်ဗိမာန်အပြင်ဘက်မှာရောက်နေတာပါ။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးသွားတာကိုတွေးမိရင် အရမ်းဝမ်းနည်းမိတယ်။ ယူကျုံးမရလည်းဖြစ်မိတယ်။ နိုင်ငံအတွက် ဆုံးရှုံးမှုအများကြီးဖြစ်စေပါတယ်။ နှမြောတသဖြစ်မိပါတယ်။ လူငယ်တွေအနေနဲ့လည်း အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ နိုင်ငံအတွက် ကြိုးပမ်းဆောင်ရွက်မှုတွေကိုသိရှိပြီး အတုယူစေချင်ပါတယ်။ အနာဂတ်လူငယ်တွေအနေနဲ့ ခေါင်းဆောင်ကြီးတွေ ချမှတ်ထားတဲ့အတိုင်း နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားရမယ်ဆိုတဲ့စိတ်ဓာတ်လေးတွေ လူငယ်တွေမှာရှိစေချင်ပါတယ်။

**မမြတ်နိုးခိုင်**
**(သဃ်န်းကျွန်း**
**ပညာရေးဒီဂရီကောလိပ်)**

ကျွန်မက မမြတ်နိုးခိုင်ပါ။ သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်က ဖြစ်ပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေကို လာရောက်အလေးပြုတာပါ။ နိုင်ငံအတွက် အသက်ပေးခဲ့တဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ကျေးဇူးကို သိတတ်ပြီး တလေးတစားနဲ့ လာရောက်အလေးပြုခြင်းဖြစ်ပါတယ်။ ကျောင်းသားလူငယ်တွေအနေ



နဲ့ ခေါင်းဆောင်ကြီးတွေရဲ့စိတ်ဓာတ်မျိုးရှိစေချင်ပါတယ်။ ဒီနေ့မှာ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)ကိုလည်း သွားရောက်လေ့လာဖြစ်ခဲ့ပါတယ်။ ဗိုလ်ချုပ်တို့အသုံးပြုခဲ့တဲ့ပစ္စည်းတွေ၊ ဗိုလ်ချုပ်ရဲ့အသုံးအဆောင်တွေ၊ အစည်းအဝေးခန်းမ၊ ဗိုလ်ချုပ်ရဲ့ မိသားစုအကြောင်းတွေ၊ ဗိုလ်ချုပ်ရဲ့သမိုင်းကြောင်းတွေကို သေချာလေ့လာခွင့်ရခဲ့ပါတယ်။ အများကြီးလည်း ဗဟုသုတရရှိခဲ့ပါတယ်။ လူငယ်တွေအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းကို စံနမူနာထားပြီး အတုယူစေချင်ပါတယ်။ ဗိုလ်ချုပ်ရဲ့ စည်းစနစ်ကျမှုတွေ၊ ဇွဲလုံ့လ၊ ဝီရိယနဲ့ ကြိုးစားမှုတွေကို အားကျအတုယူပြီး စိတ်ဓာတ်ကောင်းတွေ မွေးမြူစေလိုပါတယ်။

**မောင်အေးချမ်းဖြိုး**
**(သဃ်န်းကျွန်း**
**ပညာရေးဒီဂရီကောလိပ်)**

ကျွန်တော့်အမည်က မောင်အေးချမ်းဖြိုးဖြစ်ပါတယ်။ ဒီကိုလာရတဲ့ခံစားချက်က အာဇာနည်ခေါင်းဆောင်ကြီးတွေကို လေးစားလို့ လာရောက်ဂါရဝပြုတာပါ။ ဒါပေမဲ့ ဂါရဝပြုတဲ့အချိန်မှာ ကိုယ့်ရဲ့ခေါင်းဆောင်တစ်ယောက်အနေနဲ့ ဝမ်းနည်းမှုတွေခံစားရတယ်။ ဒီနိုင်ငံအတွက် အကောင်းဆုံးအကျိုးပြုသွားတဲ့ ခေါင်းဆောင်တစ်ယောက် ဒီလိုဖြစ်သွားတဲ့အခါ ဝမ်းနည်းပူဆွေးရပါတယ်။ သူသာ ဒီထက်မက အသက်အများကြီးနေခဲ့ရမယ်ဆိုရင် နိုင်ငံက ဘယ်လောက်



တိုးတက်မလဲဆိုတာကို တွေးမိပြီး ဝမ်းနည်းမိပါတယ်။ ကျွန်တော်တို့က ဆရာဖြစ်လာမှာဖြစ်တဲ့အတွက် နောက်ဆက်တွဲကလေးတွေကို အကောင်းဆုံးဖြစ်အောင် ခေါင်းဆောင်ကြီးတွေလမ်းပြသွားတဲ့ပုံစံအတိုင်း မဟုတ်ဘူးဆိုရင်တောင်၊ သူတို့နည်းအတိုင်း အပြည့်မလုပ်နိုင်ဘူးဆိုရင်တောင် တစ်ဝက်နီးပါးရသလောက်လေးဖြစ်ဖြစ် အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်ပေးသွားမှာပါ။

**မခိုင်သဇင်**
**အ.ထ.က(၂)(လမ်းမတော်)**

သမီးကတော့ ကျောင်းကဆရာမတွေလိုက်ပို့ပေးတဲ့အတွက် ဒီနေ့ အတွင်းဝန်ရုံးမှာရှိတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့သမိုင်းကြောင်းကို သိရှိခဲ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ပထမဆုံးလွှတ်တော်၊



မြန်မာနိုင်ငံလွတ်လပ်ရေးရအောင် ချုပ်ဆိုခဲ့တဲ့ စာချုပ်စာတမ်းတွေ၊ အာဇာနည်ခေါင်းဆောင်ကြီးတွေကို လုပ်ကြံဖို့ လူသတ်သမားတွေတက်ခဲ့တဲ့လှေကား၊ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့အစည်းအဝေးခန်းမ၊ ကျဆုံးခဲ့စဉ်က အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ကျန်ရှိခဲ့တဲ့ အသုံးအဆောင်ပစ္စည်းတွေကို လေ့လာခွင့်ရခဲ့ပါတယ်။ ငယ်ငယ်ကတည်းက ဗိုလ်ချုပ်အောင်ဆန်းရဲ့ကဗျာကို ရွတ်ဆိုခဲ့ရပါတယ်။ နိုင်ငံ့ခေါင်းဆောင်ကြီးတွေလို နိုင်ငံ့အကျိုးအတွက် တာဝန်ထမ်းဆောင်နိုင်အောင်လည်း ကြိုးစားသွားပါမယ်။ အခုလိုလိုက်ပို့ပေးတဲ့ ဆရာ၊ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**ရန်ကုန်သတင်းအဖွဲ့**

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

တစ်ယောက်သောသူက "ကျုပ်တို့နဲ့ စကားတစ်ခွန်းနှစ်ခွန်း ပြောရုံကလေးမှ သူကဆင်းမလာနိုင်ရင် ကျုပ်တို့က သူရှိရာ သွားရမှာပေါ့၊ ကြည့်ပါဦးတော့ဗျာ၊ ကျုပ်တို့ငွေတွေတော့ သုံးတော့သုံးတတ်ကရော၊ တော်တော်ကြာတော့ ကျုပ်တို့ တောင် အဖက်လုပ်ပြီး စကားပြောမယ့်လူ မရှိဘူးတဲ့၊ ကျုပ်တို့တော့ မတွေ့ရရင် မပြန်ဘူး၊ ဒီမှာပဲ အိပ်တန်အိပ်ရလိမ့်မယ်"

ခင်စိန်ကြည်လည်း မိမိအစေခံကိုခေါ်ပြီးလျှင် "ဘာဖြစ်ကြတာလဲ ပြောစမ်းပါ"

"မပြောပါရစေနဲ့ မမလေးဘုရား၊ ကိုထွန်းမြတ်ကို အခေါ်လွှတ်လိုက်ပါပြီ၊ သူတို့မမြင်ခင် အိမ်ပေါ်ကိုသာ ပြန်တက်နေပါ မမလေးရဲ့"

"ဖေဖေ့ဆီမှာ ငွေရစရာရှိလို့တဲ့လား"

"မှန်ပါ့ ဒီလိုပြောကြပါတယ်" ဟု ပြောလျှင် ခင်စိန်ကြည်သည် လူတွေရှိရာ အိမ်ရှေ့ခန်းသို့ ဝင်သွားလေ၏။

"ကျွန်မနဲ့တွေ့ချင်ကြတယ်ဆို၊ ဘာကိစ္စလဲရှင်တို့" ဟုမေးလျှင် ကြွေးရှင်တို့သည် အသီးသီးမိမိတို့ရရန်ရှိသည်များကို ပြောကြလေ၏။ တချို့ကား လက်မှတ်ထိုး၍ချေးသောအကြွေး၊ တချို့ကား ကုန်ဖိုးအကြွေး၊ တချို့ကား အထည်အဝတ်ဖိုးအကြွေး၊ တချို့ကား စားသောက်ရန်အတွက်ယူသောအကြွေး စသည်တို့ဖြင့် ဝိုင်း၍ပြောကြလျှင် ခင်စိန်ကြည်လည်း ဘာကိုမျှပြန်မပြောနိုင်ဘဲ အံ့အားသင့်လျက်နေလေ၏။

**"ကျွန်မနဲ့တွေ့ချင်ကြတယ်ဆို၊ ဘာကိစ္စလဲရှင်တို့" ဟုမေးလျှင် ကြွေးရှင်တို့သည် အသီးသီးမိမိတို့ရရန်ရှိသည်များကို ပြောကြလေ၏။ တချို့ကား လက်မှတ်ထိုး၍ချေးသောအကြွေး၊ တချို့ကား ကုန်ဖိုးအကြွေး၊ တချို့ကား အထည်အဝတ်ဖိုးအကြွေး၊ တချို့ကား စားသောက်ရန်အတွက်ယူသောအကြွေး စသည်တို့ဖြင့် ဝိုင်း၍ပြောကြလျှင် ခင်စိန်ကြည်လည်း ဘာကိုမျှပြန်မပြောနိုင်ဘဲ အံ့အားသင့်လျက်နေလေ၏. . ."**

ထိုအခါ တစ်ယောက်သောသူက "ကျုပ်တို့ ယခုလိုလာပြီး နှောင့်ယှက်သလိုလုပ်ရတာများ အင်မတန်အားနာပါတယ်၊ သို့သော် စစ်ကဲကြီးမှာ ကြွေးထူတဲ့ အကြောင်းရိပ်မိလေတော့ အရင်လာ အရင်ရစတမ်းအောက်မေ့လို့ လာခဲ့ပါတယ်" ဟု ကောင်းမွန်စွာပြောလျှင်-

တစ်ယောက်သောသူက "ခင်ဗျားထက် ကျုပ်ကဦးတော့မပေါ့၊ ကျုပ်ရောက်တော့ ခင်ဗျားတို့ ဘယ်သူမှမရောက်သေးဘူး" ဟု ဝင်၍ပြောလေ၏။

ထိုအခါ ခင်စိန်ကြည်က "ဒါဖြင့် ကျွန်မကို ဘာလုပ်စေချင်ကြသလဲ၊ ကျွန်မတို့ လက်ထဲမှာလည်း ယခုတစ်ပြားမှမရှိသေးဘူး"ဟုပြောလျှင် တစ်ယောက်သောသူက-

"မရှိ ရှိတာကို ကြံဖန်ပေးမှပေါ့လေ၊ မရှိဘူးဆိုတာနဲ့ ကျုပ်တို့က အေးနိုင်ပါ့မလား၊ သုံးတုန်းကတော့..." ဟု ပြောဆဲတွင် မောင်ထွန်းမြတ်သည် အခန်းတွင်းသို့ ရုတ်တရက်ဝင်လာ၍ "ဘာလဲ၊ ဘာလဲ ဘာဖြစ်ကြတာလဲ၊ ခင်ဗျားတို့ ဘာအလိုရှိကြသလဲ"ဟု အသံခပ်မာမာနှင့်မေးရာ-

တစ်ယောက်က "ဘာလိုချင်ရမလဲလေ၊ ကျုပ်တို့ရစရာရှိတဲ့အကြွေး ကျုပ်တို့ လိုချင်တာပေါ့" ဟုပြောလျှင်-

"ရရန်ရှိရင် အချိန်ကျတော့ ရလိမ့်မယ်ပေါ့၊ အခုချက်ချင်း ခင်ဗျားတို့လာလို့ ကောင်းနိုင်ပါ့မလား"ဟု မောင်ထွန်းမြတ်က ပြောလေ၏။

ထိုအခါ တစ်ယောက်က "ချက်ချင်းပဲ လာရတယ်ဗျာ၊ ပူပူနွေးနွေးရှိတဲ့အခိုက်က ရလိုက်မှပေါ့၊ တော်တော်ကြာမှဖြင့် ယီးတီးယားတားနဲ့ ကျုပ်တို့အလကား အဆုံးမခံနိုင်ပါဘူး"ဟု ပြန်ပြောလေသောအခါ-

မောင်ထွန်းမြတ်က "ကဲ... တယ်စကားရှည်တယ်ဗျာ၊ ခင်ဗျားတို့ အခုချက်ချင်း ထွက်သွားမလား၊ မသွားဘူးလား"

"မသွားဘူး၊ ခင်ဗျားက ဘာဆိုင်သလဲ"

"ကျုပ်က ဆိုင်လို့ပြောတာပေါ့၊ ကောင်းပြီ၊ ခင်ဗျားတို့အားလုံး ထွက်သွားလိုက်ကြပါ၊ မသွားလို့ရှိရင် ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲရပါလိမ့်မယ်၊ ဒီအိမ် စစ်ကဲကြီး အိမ်မဟုတ်ဘူး၊ ရောင်းပြီးတာတော်တော်ကြာပြီ"ဟုပြောလျှင် တချို့ကရယ်လျက် တချို့က "ဒီလို အဖြန်းမျိုးနဲ့ မရသေးဘူးဗျို့၊ ဒါမျိုးတွေရှိးကုန်ပြီ"ဟု ပြောကြ၏။

မောင်ထွန်းမြတ်သည် လွန်စွာတည်ကြည်သောမျက်နှာနှင့် "ကျွန်တော်ပြောမယ်၊ ခင်ဗျားတို့ ယခု ကျွန်တော် ခင်ဗျားတို့ကို လိမ်ပြောလိုက်ရင် တော်တော်ကြာကျတော့ ကျွန်တော်လိမ်တာ ပေါ်လာမယ့်ဟာကပဲ၊ ကျွန်တော်လိမ်ပ့ါမလား၊ မလိမ်ပါဘူး၊ ဒီအိမ်ဒီဝင်းနဲ့ ဒီအိမ်ထောင်မှုပစ္စည်းတွေကို အားလုံးအကုန်ရောင်းပြီးတာ သုံးလေးလရှိသွားပြီ" ဟု ပြောလျှင်-

တစ်ယောက်က "ဘယ်သူ့ကိုရောင်းသလဲ"

"အမိန့်တော်ရ မောင်ထွန်းမြတ်ကို ရောင်းလိုက်ပြီ"

"ကြားဖူးတယ်၊ ကြားဖူးတယ်၊ တော်တော်ကောင်းတဲ့ ရှေ့နေကလေးဆိုပဲ"

"အဲဒီရှေ့နေကလေးက ကျုပ်ပဲ၊ ဒီအိမ်ဟာ ကျုပ်အိမ်"

"ငွေကို အကျေဆပ်ပြီးပြီလား"

"ဆပ်ပြီးပြီ၊ သုံးလတောင်ရှိပြီ"

"ဒီငွေကို စစ်ကဲကြီးဘာလုပ်ပစ်သလဲ"

"ဘာလုပ်ပစ်တယ် ကျုပ်မသိနိုင်ဘူး၊ ကျုပ်နဲ့လည်းမဆိုင်ဘူး၊ အဲဒီတော့ ကျုပ်အိမ်ဖြစ်တဲ့အတွက် ကျုပ်အခွင့်မရှိဘဲ ခင်ဗျားတို့ဝင်ခဲ့ကြတာ ကျူးလွန်မှုနဲ့ တရားစွဲမခံချင်ရင် အခုချက်ချင်းထွက်သွားလိုက်ကြပါ" ဟု အာဏာသံနှင့်ပြောလျှင် လူတို့သည် တစ်ယောက်ပြီးတစ်ယောက် အခန်းတွင်းမှထွက်သွားကြရာ တစ်ယောက်သောသူက ထွက်ရင်း "တယ်ပြီးစုတ်ပွဲ့တဲ့ ငနဲကြီးဗျာ၊ သေတာပဲအေးပါတယ်" ဟု ပြောသွားသည်ကို မောင်ထွန်းမြတ် ကြားလျှင် "စုတ်ပွဲ့သည်ဖြစ်စေ၊ မစုတ်ပွဲ့သည်ဖြစ်စေ သူ့သမီးရှေ့မှာ မင်းဒီလိုပြောဖို့ အခွင့်မရှိပါဘူး" ဟု စိတ်ထွက်သောမျက်နှာထားနှင့်ပြောလိုက်လေ၏။

ထို့နောက် ခင်စိန်ကြည်ဘက်သို့ လှည့်ကာ "ကဲ...လာ နှမ"ဟု အခန်းအပြင်ဘက်သို့ ထွက်မည်ပြုရာ ခင်စိန်ကြည်သည် ထိုင်၍ငိုလျက် "ကျွန်မဒီအဖြစ်တွေ မသိဘူး မောင်ကြီးရဲ့၊ ဖေဖေလည်း ကျွန်မကို ဘယ်တော့မှ ဒီအကြောင်းနဲ့စပ်ပြီး မပြောဖူးဘူး၊ သူတို့ကိုပေးရန် ရှိတယ်ဆိုရင် ကျွန်မရှိတဲ့ လက်ဝတ်လက်စားကလေးတွေ ရောင်းပြီးပေးမှာပဲ၊ ကျွန်မလည်း မဝတ်ချင်ပါဘူး၊ ဒါကလေးတွေရောင်းပြီး ဖေဖေ သင်္ဂြိုဟ်လို့ကျန်တာ သူတို့ကို အကုန်ပေးလိုက်ရမှ ကျွန်မစိတ်အေးတော့မယ် မောင်ကြီးရယ်၊ ကဲ... ကဲ... မောင်ကြီးပဲ ကြည့်ရှုရောင်းပေးပါတော့၊ ဖေဖေ့အသုဘအတွက်လည်း မောင်ကြီးစီမံပြီး ငွေကျန်သေးရင်လည်း ဒီလူတွေ ဆပ်လိုက်ပါတော့" ဟုဆို၍ ရှိသမျှ လက်ဝတ်လက်စားတွေကို အကုန်အပ်လိုက်လေ၏။

■ ■ ■ ■ ■

**အခန်း (၇)**

စစ်ကဲကြီး ဦးထင်ကျော်နှင့်ညီတစ်ဝမ်းကွဲတော်စပ်သူ ဝတ်လုံတော်ရမင်း ဦးသာဒင်မှာ စစ်ကဲကြီးမသေမီ တစ်လလောက်မှာပင် ရွှေဘိုသို့ပြောင်းရွှေ့နေထိုင်လျက်ရှိရာ မိမိ၏အစ်ကိုသေဆုံးကြောင်းကို ကြေးနန်းရရှိသဖြင့် နာရီပြန်တစ်ချက်ရထားနှင့်လိုက်လာပြီးလျှင် စစ်ကဲကြီးအိမ်သို့ ရောက်လာ၏။ ဝတ်လုံကြီးသည် မိမိအစ်ကို၏ အသုံးအစွဲကြီးကြောင်းကို အရိပ်အမြွက်သာသိရှိခဲ့ရာ အိမ်သို့ရောက်၍ ပိုက်ဆံကြေးငွေမကျန်ရစ်ဘဲလျက် အကြွေးမျှသာကျန်ရစ်ကြောင်း၊ သမီးကလေးစားသောက်ရစ်ရန်အတွက်လည်း ပိုက်ဆံတစ်ပြားမှ ချန်၍မထားခဲ့သည့်အပြင် မိမိ၏အလောင်းကို သင်္ဂြိုဟ်ရန်အတွက်ကိုမျှ ကြေးငွေအလွယ်တကူမရှိကြောင်းကို ကြားသိရလျှင် များစွာအံ့ဩ၍ ကြက်သေသေလျက်နေလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

# သထုံခရိုင်၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး( မွမ်းမံ )သင်တန်းဆင်း

သထုံ ဇူလိုင် ၁၉

မွန်ပြည်နယ် သထုံခရိုင် မီးသတ်ဦးစီးမှူးရုံးမှ စီစဉ်ဖွင့်လှစ်သည့် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်း (၁/၂၀၂၆)သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင်လ ၁၈ ရက်က သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သုဝဏ္ဏစုပေါင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က သင်တန်းသားများအနေဖြင့် သင်တန်းမှရရှိသည့် ရှာဖွေကယ်ဆယ်ရေးပညာရပ်များကို လက်တွေ့အသုံးချကာ မိမိတို့၏ ရပ်ရွာအကျိုးနှင့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များတွင် အများပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို စွမ်းစွမ်းတမံကာကွယ်ပေးကြရန် တိုက်တွန်းပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက သင်တန်းသားများထံ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းတွင် သထုံ၊ ကျိုက်ထို၊ ဘီးလင်းနှင့် ပေါင်မြို့နယ်တို့မှ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြသည်။ ထိုသင်တန်းသားများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် ဗဟိုမီးသတ်သင်တန်းကျောင်းတို့၌ သင်တန်းတက်ရောက်ပြီးစီးခဲ့သည့် နည်းပြများက ဇွန်လ ၆ ရက်မှ ၁၇ ရက်အထိ နှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ စနစ်တကျသင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# အာဇာနည်နေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ



မော်လမြိုင်ကျွန်း ဇူလိုင် ၁၉

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်းခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းဝင်ဖြစ်ရပ်များကို သိရှိနားလည်စေရန်ရည်ရွယ်ကျင်းပသည့် ၂၀၂၆ ခုနှစ် အာဇာနည်နေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇူလိုင်လ ၁၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ သပြေထွန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်အနစ်နာခံမှုများကို မျိုးဆက်သစ်လူငယ်များက အစဉ်အမြဲအမှတ်ရဂုဏ်ပြုကာ နိုင်ငံအကျိုး၊ ဒေသအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သည့် လူတော်လူကောင်းများအဖြစ် ကြိုးပမ်းကြရန်နှင့် ပန်းချီအနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် အနုပညာစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရေး ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) စည်းရုံးရေးမှူး ဦးထွန်းဝင်းက အာဇာနည်နေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များနှင့် အနုပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ပြောကြားသည်။ ထို့နောက် အာဇာနည်နေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု ရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) မှ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

# တိုင်းပြည်တိုးတက်ဖို့ ပြည်သူလူထုအားလုံးစုစည်းညီညွတ်ဖို့ စွမ်းအားရှိသမျှအလုပ်လုပ်ကြဖို့ စည်းကမ်းရှိဖို့ ဥပဒေကိုနားလည်ဖို့လိုပါတယ်

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

**ရန်ကုန် ဇူလိုင် ၁၉**

ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးအနက်ထား အသိအမှတ်ပြုသည့်အနေဖြင့်နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင် တက်ရောက်ဂါရဝပြုခဲ့ပါသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်က ယနေ့ အာဇာနည်နေ့အခမ်းအနားသို့လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏မေးမြန်းမှုများကို အောက်ပါအတိုင်းဖြေကြားခဲ့ပါသည်-

ဒီမိုကရေစီနည်းလမ်းအရ ရွေးချယ်တဲ့ အစိုးရတစ်ရပ်အနေနဲ့ရော၊ နိုင်ငံခေါင်းဆောင်တစ်ယောက်အနေနဲ့ရော အာဇာနည်ခေါင်းဆောင်တွေကို ကျွန်တော်တို့က အလေးအနက်ထားအသိအမှတ်ပြုဖို့လိုပါတယ်။ ဒါကြောင့် အာဇာနည်ခေါင်းဆောင်တွေနဲ့ပတ်သက်ပြီးပြုလုပ်တဲ့ အမြင့်ဆုံးဖြစ်တဲ့ အာဇာနည်နေ့ အခမ်းအနားကို လာရောက်တက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ အခြားခေါင်းဆောင်တွေလည်းပါလာတယ်။

အားလုံးစုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့လာရောက်ပြီး နိုင်ငံတော်ရဲ့အာဇာနည်ခေါင်းဆောင်တွေကို ဂါရဝပြုတဲ့အနေနဲ့ ကျွန်တော်လာခဲ့ခြင်းဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ အာဇာနည်ခေါင်းဆောင်တွေအပါအဝင် နိုင်ငံ့ခေါင်းဆောင်တွေက နိုင်ငံကိုဘယ်လိုမျှော်မှန်းပြီးတော့ တည်ဆောက်ခဲ့ကြသလဲ၊ စည်းလုံးညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်အောင် ဘယ်လိုတည်ဆောက်ခဲ့ကြသလဲဆိုတာ ကျွန်တော်တို့က အမြဲတမ်းလေ့လာပြီး တန်ဖိုးထားဖို့လိုပါတယ်။

လွတ်လပ်ရေးရပြီးတော့ စုစည်းညီညွတ်တဲ့တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုတာပေါ့။ ညီညွတ်ရုံနဲ့မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရလိုအပ်ချက်တွေရှိနေတာအမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ညီညီညွတ်ညွတ်နဲ့အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုးမတိုးတက်စရာအကြောင်းမရှိပါဘူး။ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့နိုင်ငံ မဖြစ်စရာအကြောင်းမရှိပါဘူး။ မြန်မာနိုင်ငံသားအားလုံးခွန်အားရှိကြတယ်။ ကိုယ့်ခွန်ကိုယ့်အားကို အသုံးချနိုင်ဖို့ပဲလိုတယ်ဆိုတာပြောပါရစေ။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ၊ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့်တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့်တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့်ညီညွတ်ရေးက အရေးကြီးပါတယ်။

ညီညွတ်ဖို့ဆိုရင်စည်းကမ်းကိုနားလည်ဖို့လိုတယ်၊ ဥပဒေကိုနားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီးလုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။

တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ ပြောချင်ပါတယ်။ **သတင်းအဖွဲ့**




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မီဒီယာများ၏မေးမြန်းမှုများကို ဖြေကြားစဉ်။

# ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံခဲ့



**ရန်ကုန် ဇူလိုင် ၁၉**

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုနှင့်အညီ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်အား ရှေးမူမပျက် မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း အမျိုးသားပြတိုက်(ရန်ကုန်)မှ သိရသည်။

"မနှစ်က အာဇာနည်နေ့ကျင်းပခဲ့ရာမှာ နိုင်ငံတော်အကြီးအကဲက ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ကို ပိုမိုခိုင်ခံ့အောင်ပြုပြင်မွမ်းမံဖို့၊ ပြုပြင်တဲ့အခါမှာလည်း ရှေးမူမပျက် မူလလက်ရာအတိုင်းမွမ်းမံဖို့ လမ်းညွှန်မှာကြားခဲ့ပါတယ်။ ပြုပြင်မှုတွေ ဆောင်ရွက်နိုင်ဖို့ ရန်ပုံငွေလည်းချထားပေးခဲ့ပါတယ်။ ပြတိုက်ပြင်ဆင်မှုလုပ်ငန်းတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးအဖွဲ့(၂)ကတာဝန်ယူပြီး အကြီးစားမွမ်းမံမှု ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် အခုနှစ် အာဇာနည်နေ့အမီ ပြည်သူတွေကြည့်ရှုလေ့လာနိုင်ခဲ့ကြတယ်။ ပြုပြင်မွမ်းမံရာမှာ မူလကရှိခဲ့တဲ့ပုံစံကို စနစ်တကျလေ့လာပြီးတော့ မီးသီး၊ လျှပ်စစ်မီးခလုတ်ကအစ မူလလက်ရာအတိုင်း ဆောင်ရွက်ခဲ့ပါတယ်။" ဟု အမျိုးသားပြတိုက်(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းက ပြောသည်။

(၇၉) နှစ်မြောက် အာဇာနည်နေ့အမီ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်အား ရှေးမူမပျက်ပြန်လည်မွမ်းမံထားမှုကြောင့် ကိုလိုနီခေတ်ဟန် ရှေးဟောင်းအဆောက်အအုံအဖြစ် တန်ဖိုးမြင့်မားမှုကိုပြသနေသည်။

"(၇၉)နှစ်မြောက် အာဇာနည်နေ့မှာ မူလအဆောက်အအုံပုံစံအတိုင်း ပြသနိုင်ခဲ့ပါပြီ။ ဗိုလ်ချုပ်ပြတိုက်ဟာ နှစ်သက်တမ်းရာကျော်နေပါပြီ။ ဗိုလ်ချုပ်နေထိုင်ခဲ့တဲ့ နေအိမ်လည်းဖြစ်တဲ့အတွက် နောင်လာနောက်သားတွေကြည့်ရှုလေ့လာနိုင်အောင် ရေရှည်တည်တံ့အောင်ထိန်းသိမ်းဖို့ ကျွန်မတို့မှာတာဝန်ရှိပါတယ်။ ပြတိုက်ကြီးဟာ နိုင်ငံ့ခေါင်းဆောင် နေအိမ်ဖြစ်သလို ရှေးဟောင်းအမွေအနှစ် အဆောက်အအုံလည်းဖြစ်ပါတယ်။ ဒါကိုရေရှည်တည်တံ့အောင်နဲ့ ရှေးမူမပျက်ပြင်ဆင်မွမ်းမံနိုင်အောင်လမ်းညွှန်ပေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်"ဟု အမျိုးသားပြတိုက်(ရန်ကုန်)မှ ညွှန်ကြားရေးမှူးက ပြောသည်။

ထိုကဲ့သို့ ပြင်ဆင်မွမ်းမံရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံလျှပ်ကောင်စီ၊ ဗိသုကာအသင်း၊ နည်းပညာကော်မတီ၊ ကျွမ်းကျင်ပညာရှင်များနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများကလည်း ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

"ရှေးမူမပျက် မူလအတိုင်းကြံ့ခိုင်ကောင်းမွန်အောင်ပြင်ဆင်ထိန်းသိမ်းရာမှာ အသေးစိတ် စနစ်တကျဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းတွေ မီးစလောင်း၊ မီးခလုတ်၊ ပန်ကာ စတာတွေအားလုံးကို မူလလက်ရာအတိုင်း ရှာဖွေပြီးပြုပြင်မွမ်းမံနိုင်ခဲ့တယ်။ ပြီးတော့ မျက်နှာကြက်၊ ဘောစင်၊ သန့်စင်ခန်း၊ လှေကား၊ လျှောက်လမ်း၊ ကြမ်းခင်း၊ ခေါင်မိုး၊ ဆေးအရောင်၊ ရေသန့်စင်လုပ်ငန်းတွေ၊ မြက်ခင်း၊ ရေကန်ကိုလည်း မူလပုံစံအတိုင်း ပြင်ဆင်မွမ်းမံခဲ့ပါတယ်။ ရေကန်ဆိုရင် ဗိုလ်ချုပ်နေထိုင်စဉ်က မြေသားကန်ဖြစ်တဲ့အတွက် နိုင်ငံတော်အကြီးအကဲက အဲဒီခေတ်ဟန်အတိုင်းပြုပြင်ဖို့လမ်းညွှန်ခဲ့တဲ့အတွက်မူလအတိုင်း မြေသားကန်၊ ကန်ထဲကိုဆင်းတဲ့လှေကားပါရှိတာကြောင့် ကန်ဘေးပတ်လည် လက်ရန်းအကာအပါအဝင်အားလုံးကို မူလအတိုင်းပြုပြင်မွမ်းမံခဲ့ပါတယ်။ ပြီးတော့ ဗိုလ်ချုပ်ပြတိုက်မှာရှိတဲ့ ဗိုလ်ချုပ်စီးခဲ့တဲ့ကားဟာ မောင်းလို့မရတဲ့အတွက် နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်မှုနဲ့ပြန်လည်ပြုပြင်ခဲ့ပါတယ်။ အခုဗိုလ်ချုပ်ကားကို မောင်းလို့ရနေပါပြီ။ အခုလိုနှစ်ပေါင်းရာကျော် သမိုင်းဝင်အဆောက်အအုံကြီးကို ပြုပြင်မွမ်းမံပြင်ဆင်နိုင်အောင် ဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲကို အထူးပဲကျေးဇူးတင်ပါတယ်" ဟု အမျိုးသားပြတိုက်(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဇော်က ပြောကြားသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်လှစ်

**ရေနံချောင်း ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကိုယမန်နေ့က ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ချစ်ဆုအိမ်က ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပြည်သူများကို ဥပဒေအသိပညာပြန့်ပွားစေခြင်းဖြင့် လူတိုင်း ဥပဒေအသိပညာရရှိရမည်ဟူသည့် အညွှန်းကိန်းကို ဖော်ဆောင်ရန်ရည်ရွယ်၍ ယခုကဲ့သို့ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရေနံချောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများတက်ရောက်ကြပြီး မြို့နယ်ဥပဒေအရာရှိနှင့် သင်တန်းနည်းပြများက ဥပဒေဆိုင်ရာဘာသာရပ်များကို ဇူလိုင်လ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နှစ်ရက်တာသင်ကြားပို့ချပေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဇူလိုင် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့်အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရအမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းခဲ့ရာ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF/TNLA)နှင့်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) ဒုတိယဥက္ကဋ္ဌ(၁)တားဂျူတ်ဂျား၊ အထွေထွေအုပ်ချုပ်ရေးဌာန ဌာနမှူး တားဂူးဂျား၊ မဟာမိတ်ဆက်ဆံရေးဌာန ဌာနမှူး တားမိုးဟိန်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် တားမိုင်းမိုင်း၊ တားညီနောခရိုး၊ တားကူးနောတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောကြားရာတွင် မိမိတို့ယခုတွေ့ဆုံဆွေးနွေးမှုသည် နေပြည်တော်၌ ပထမဆုံးဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးကိုရှေးရှုပြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့ကို အဓိကထားဆွေးနွေးပေးစေလိုကြောင်း၊ တအာင်းပလောင်ဒေသရှိပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေးနှင့်ဒေသဖွံ့ဖြိုးရေးကိစ္စတို့အား ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ရွေးကောက်ခံအစိုးရပေါ်ပေါက်လာပြီဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးများကိုလည်း ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ပေါင်းစပ်ဆောင်ရွက်နိုင်သည်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF/TNLA)ဒုတိယဥက္ကဋ္ဌ(၁) တားဂျူတ်ဂျားက ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားဘဲ ဖိတ်ခေါ်သည့်အတွက် များစွာအားရပါကြောင်း၊ လက်ရှိတွင် တိုက်ပွဲများရပ်တန့်ပြီး ပြည်သူလူထုမှာလည်း အေးချမ်းမှုစတင်ရလာပြီဖြစ်ကြောင်းနှင့် ယနေ့ဆွေးနွေးပွဲမှ အပြုသဘောဆောင်သည့်ကောင်းမွန်သော ရလဒ်များထွက်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက နိုင်ငံတော်သမ္မတနှင့် ညှိနှိုင်းရေးကော်မတီတို့၏ရက် ၁၀၀ ငြိမ်းချမ်းရေးကြိုးပမ်းမှုအစီအစဉ်ကို ပူးပေါင်းဆောင်ရွက်ရေး၊ ဟိုင်ဂင်သဘောတူညီချက်ကို လေးစားလိုက်နာရေး၊ သဘောတူထားသည့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မိမိတို့ဒေသအတွင်း ပြည်သူလူထု၏ လူမှုဘဝသက်သာချောင်ချိရေး၊ နိုင်ငံတော်ငြိမ်းချမ်းရေးကိုရှေးရှုပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာနိုင်ရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် ရပ်တည်လျက်ရှိသည့်ကိစ္စများနှင့်ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေးတို့နှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှတစ်ဆင့် နိုင်ငံရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးပြီး ရေရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးအား ဖော်ဆောင်နိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် PSLF/TNLA နှင့်ယခင်တွေ့ဆုံဆွေးနွေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းအား လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) ဒုတိယဥက္ကဋ္ဌ(၁) တားဂျူတ်ဂျားက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **မြဝတီ**

# ကန့်ဘလူမြို့နယ်၌ မြေဆီလွှာတိုးတက်ကောင်းမွန်စေရန် ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာ လက်တွေ့ထည့်သွင်းမှု ကွင်းသရုပ်ပြ



ကန့်ဘလူ ဇူလိုင် ၁၉


တောင်သူများအနေဖြင့် မြေဆီလွှာအရည်အသွေးကိုမြှင့်တင်ပြီး ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို ထိန်းသိမ်းနိုင်ရန်နှင့် ဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာ လက်တွေ့ထည့်သွင်းခြင်းကွင်းသရုပ်ပြပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် တောကျွန်ရုပ်ကျေးရွာ ကွင်းအမှတ် (၆၅၁) ဦးပိုင်အမှတ်(၇၂/ခ)တောင်သူ ဦးစိုးဝင်း၏ ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာစိုက်ခင်း ၆ ဒသမ ၅၀ ဧက၌ ဇူလိုင်လ ၁၈ ရက်က ကျင်းပသည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှကြိုင်က သီးနှံများမစိုက်ပျိုးမီ သို့မဟုတ် သီးနှံရိတ်သိမ်းပြီး ခေတ္တမြေလှပ်ထားချိန်တွင် အဆမတန်အကြီးမြန်သည့် ပိုက်ဆံလျှော်ကို ကြဲပက်စိုက်ပျိုးကာ ပန်းမပွင့်မီအချိန်၌ ထည့်သွင်းပေးခြင်းဖြင့် အပင်အတွက်လိုအပ်သော နိုက်ထရိုဂျင်၊ ဖော့စဖရပ်နှင့် သစ်ဆွေးဓာတ်များကို မြေတွင်းသို့ သဘာဝအတိုင်း ထည့်သွင်းပေးနိုင်ပုံကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်က ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာအသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို အကျယ်တဝင့်ဆွေးနွေးရှင်းလင်းသည်။

ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက သရုပ်ပြစိုက်ခင်းအတွင်းရှိ ပိုက်ဆံလျှော်ပင်များကို ကြည့်ရှုလေ့လာကာ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ပိုက်ဆံလျှော်ကို မြေတွင်းသို့ ထယ်ထိုးမြှုပ်ခြင်းအား လက်တွေ့သရုပ်ပြဆောင်ရွက်ကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**




**၁၉-၇-၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၌ (၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများပြသ



**နတ်မောက် ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်၌ (၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အထူးပြခန်း အဖြစ် ဗိုလ်ချုပ်အောင်ဆန်း၏ငယ်ဘဝ ဖြစ်စဉ်များမှစ၍ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံများကို ယနေ့တွင် ခင်းကျင်းပြသရာ လာရောက်ကြည့်ရှုကြသည့်ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများဖြင့်စည်ကားခဲ့သည်။

(၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၌ အာဇာနည်ခေါင်းဆောင်ကြီးများကို ဂုဏ်ပြုသောအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းငယ်ဘဝမှစ၍ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံများ၊ ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတကြွယ်ဝစေရေးအတွက် အာဇာနည်ခေါင်းဆောင်ကြီးကိုးဦး၏ဘဝဖြစ်စဉ်အကျဉ်းများကိုပြသထားကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏မှတ်တမ်းဓာတ်ပုံများနှင့် နိုင်ငံရေးလှုပ်ရှားမှုများမှ ကျဆုံးခဲ့သည့် အချိန်အထိမှတ်တမ်းဓာတ်ပုံများကိုပြသထားကြောင်းသိရသည်။

ထို့ပြင် နေအိမ်အပေါ်ထပ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူဆီလီကွန်ရုပ်တု၊ ဗိုလ်ချုပ်လာစဉ်အိပ်ခန်းနှင့်မူရင်းကြိုးခုတင်၊ ဗိုလ်ချုပ်မိခင်အိပ်ခန်း၊ ဗိုလ်ချုပ်၏ မိသားစုအိပ်ခန်း၊ အမျိုးသမီးပြင်ဆင်ခန်း၊ မီးဖိုခန်း၊ နေအိမ်ခြံဝင်းအတွင်း ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ကျောက်စာတိုင်တို့ကိုပြသထားသည်။ နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ကိုတနင်္လာနေ့နှင့်ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင် နံနက် ၉ နာရီခွဲမှညနေ၄နာရီခွဲအထိလာရောက်ကြည့်ရှုလေ့လာနိုင်ပြီး ယနေ့တွင် (၇၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် နံနက် ၇ နာရီမှညနေ ၅ နာရီအထိအများပြည်သူ လေ့လာကြည့်ရှုနိုင်အောင်ဖွင့်လှစ်ပေးခြင်းဖြစ်သည်။ ယနေ့ပြခန်းသို့လာရောက်ကြည့်ရှုလေ့လာကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့်ပြည်သူများကိုအာဇာနည်နေ့နှင့်ပတ်သက်သည့် ဗဟုသုတမေးခွန်းများကိုမေးမြန်း၍ ဖြေဆိုနိုင်သူများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မကွေးဌာနခွဲမှအမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကြောင်း သိရသည်။ **လှဝင်း**

# ကျေးလက်နေပြည်သူများအတွက် ကျေးရွာချင်းဆက်နှင့် ကျေးရွာအဝင်လမ်း ကျောက်ကြီးစီ သံကူကွန်ကရစ်တံတားတစ်စင်းနှင့် Box Culvert နှစ်စင်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး



**မြိတ် ဇူလိုင် ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ကျေးလက်နေပြည်သူများသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ ကာလအတွင်း ကျေးရွာချင်းဆက်နှင့်ကျေးရွာအဝင်လမ်းရှိကျောက်ကြီးစီသံကူကွန်ကရစ်တံတားတစ်စင်းနှင့် Box Culvert နှစ်စင်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆောင်ရွက်ပြီးစီးသည့် ကျောက်ကြီးစီကမ်းကပ်ခုံ သံကူကွန်ကရစ်တံတားသည် ရှမ်းတောင်-စလွန်းလမ်းပေါ် (၀/၇)မိုင်နှင့် (၁/၀)မိုင်ကြားတွင် အလျား ၁၀ ပေ၊ အကျယ်၂၄ ပေရှိ တံတားတစ်စင်းကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စလွန်းကျေးရွာအဝင်လမ်းပေါ် (၁/၄)မိုင်နှင့် (၁/၅) မိုင်ရှိ (၅'x၅'x၂၄') Box Culvert တစ်စင်းကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ဆလင်ကျေးရွာအဝင်လမ်းပေါ် (၀/၀)မိုင်နှင့်(၁/၀)မိုင်ကြားတွင် (၅'x၅'x၂၄') ကျောက်ကြီးစီကမ်းကပ်ခုံ သံကူကွန်ကရစ်ကြမ်းခင်း Box Culvert တစ်စင်းကို ပြည်ထောင်စု(ပြင်ထိန်း) ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်ပြီးခဲ့သည့် အဆိုပါတံတားနှင့် Box Culvert တို့ကိုအသုံးပြု၍ ကျေးလက်နေပြည်သူများ ယခင်ကထက် သွားလာမှုပိုမိုလွယ်ကူ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# အင်းမမြို့ရှိ တိုက်နယ်ဆေးရုံနှင့် အ.ထ.က (အင်းမ)သို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦး ကြည့်ရှုစစ်ဆေး

**သဲကုန်း ဇူလိုင် ၁၉**

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦးနှင့်တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် အင်းမမြို့ရှိ တိုက်နယ်ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်း(အင်းမ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦးနှင့်တာဝန်ရှိသူများပါဝင်သောပူးပေါင်းအဖွဲ့သည် အင်းမပြည်သူ့ဆေးရုံ၌ အင်းမတိုက်နယ်ဆရာဝန်ဒေါက်တာကျော်မျိုးနိုင်နှင့်တွေ့ဆုံ၍ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ မွေးလူနာခန်း၊ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားကာ ဆေးရုံအတွင်းဆေးကုသမှုခံယူလျက်ရှိသော လူနာများကိုဝင်ရောက်ကြည့်ရှုပြီး အားပေးစကားများပြောကြားသည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း(အင်းမ)သို့သွားရောက်၍ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်ဦး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမာလာတို့နှင့်တွေ့ဆုံ၍ကျောင်းဝင်းအတွင်းရှိ အလျားပေ ၁၄၀၊ အနံပေ ၃၀ ခန့်ရှိ အခန်းရှစ်ခန်းပါ ပျက်စီးယိုယွင်းနေသော ပတ္တမြားနှစ်ထပ်ဆောင်၊ သိပ္ပံခန်း(ပုလဲဆောင်)၊ KGခန်း(နီလာဆောင်)၊ အဆောင်သစ်(ရတနာဆောင်)တို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းစာကြည့်တိုက်(သန္တာဆောင်)၌ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၏မိဘများနှင့်တွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး အဆိုပါကျောင်းရှိသိပ္ပံခန်း၊ စာကြည့်တိုက်ခန်းအဆောက်အအုံချပေးရန် တင်ပြခဲ့မှုများအပေါ် ဆောက်လုပ်မည့် မြေနေရာလွတ်ရှိ/မရှိ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။ **ကိုကျော်(သဲကုန်း)**

# Polytechnic University (Maubin)၌ မိုးရာသီအားကစားပြိုင်ပွဲကျင်းပ

**မအူပင် ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ Polytechnic University (Maubin)၌ မိုးရာသီအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါကျောင်း အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ Polytechnic University (Maubin) ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာသန္တာသိန်းက အားကစားပြိုင်ပွဲများကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အားကစားသမားများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက နိုင်ငံတော်အလံအား အလေးပြုခြင်း၊ အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက် အားရွတ်ဆိုခြင်းများပြုလုပ်ကြသည်။ ဆက်လက်၍ Polytechnic University (Maubin)မှ ကျောင်းသူလေးများက အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အဖွင့်ပွဲစဉ်အဖြစ် Pixel United FC အသင်းနှင့် Hyper Volt အသင်းတို့ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ မိုးရာသီအားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ (အမျိုးသား / အမျိုးသမီး)၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲများပါဝင်ပြီး ဇူလိုင်လ ၂၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်းသိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



## မိုးပို လာနိုင်

**နေပြည်တော် ဇူလိုင် ၁၉**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

# အသည်းရောင်အသားဝါ (ဘီ) ရောဂါအကြောင်း သိကောင်းစရာ

လူ့ခန္ဓာကိုယ်၏ ရုပ်ပိုင်းဆိုင်ရာဖြစ်ပျက်မှုဖြစ်စဉ်များတွင် အသည်းသည် ခန္ဓာကိုယ်အတွင်းရှိ အဆိပ်အတောက်များကို ဖယ်ရှားပေးခြင်း၊ အစာခြေစနစ်ကိုကူညီပေးခြင်းနှင့် မရှိမဖြစ်လိုအပ်သော ပရိုတင်းဓာတ်များကို ထုတ်လုပ်ပေးခြင်း စသည့်အရေးကြီးသောလုပ်ငန်းဆောင်တာများကို တာဝန်ယူလုပ်ဆောင်ပေးရသည့် အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သည်။ သို့သော် ထိုမျှအရေးကြီးသည့်အသည်းကို အဓိကဖျက်ဆီးပြီး အသက်အန္တရာယ်အထိ စိုးရိမ်ရစေသည့် ဗိုင်းရပ်စ်ပိုးတစ်မျိုးရှိနေသည်ကို မိမိတို့အားလုံး သတိပြုမိကြရန်လိုအပ်သည်။ ထိုပိုးမှာ အသည်းရောင်အသားဝါ (ဘီ) ဗိုင်းရပ်စ်ပိုး (Hepatitis B Virus) ပင်ဖြစ်သည်။

အသည်းရောင်အသားဝါ (ဘီ) ရောဂါသည် အသည်းရောင်အသားဝါ (ဘီ) ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသော ကူးစက်ရောဂါတစ်မျိုးဖြစ်သည်။ အဆိုပါရောဂါပိုးသည် ခန္ဓာကိုယ်အတွင်းသို့ဝင်ရောက်ပြီးနောက် အသည်းဆဲလ်များကို စတင်တိုက်ခိုက်ကာ အသည်းရောင်ရမ်းခြင်းကို ဖြစ်ပေါ်စေသည်။ ဤရောဂါသည် လတ်တလော အပြင်းအထန်အသည်းရောင်ခြင်း (Acute) နှင့် ရေရှည် နာတာရှည်အသည်းရောင်ခြင်း (Chronic) ဟူ၍ နှစ်မျိုးရှိသည်။

### သတိပြုရမည့်ရောဂါလက္ခဏာများ

အသည်းရောင်အသားဝါ (ဘီ) ရောဂါပိုးရှိနေသူအများစုသည် ကနဦးကာလများတွင် မည်သည့်ရောဂါလက္ခဏာမျှ ထင်ထင်ရှားရှားပြသခြင်းမရှိဘဲ ကျန်းမာနေသူကဲ့သို့ နှစ်ပေါင်းများစွာ နေထိုင်သွားနိုင်သည်။ သို့သော် ရောဂါပိုးစတင်ဝင်ရောက်ပြီး အသည်းရောင်ရမ်းမှုပြင်းထန်လာချိန်၌ တချို့သောဝေဒနာရှင်များတွင် အောက်ပါရောဂါလက္ခဏာများ တွေ့ကြုံရတတ်သည်။

ကိုယ်ပူခြင်း၊ ဖျားခြင်း၊ အကြောင်းရင်းမရှိဘဲ အလွန်အမင်းမောပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်းနှင့် ဝမ်းဗိုက်ညာဘက်အပေါ်ပိုင်း (အသည်းရှိသည့်နေရာ) ၌ အောင့်ခြင်း၊ ဆီးအရောင်ရင့်လာခြင်း၊ မျက်လုံးနှင့်အရေပြားများ ဝါဝင်းလာခြင်း (အသားဝါခြင်း) နှင့် အဆစ်အမျက်များနာကျင်ကိုက်ခဲခြင်း စသည့်လက္ခဏာများ ပြတတ်သည်။

### ရောဂါပိုးကူးစက်ပျံ့နှံ့နိုင်သည့်နည်းလမ်းများ

ဗိုင်းရပ်စ်ပိုးသည် အဓိကအားဖြင့် ရောဂါပိုးရှိသူ၏ သွေး၊ သုက်ရည် သို့မဟုတ် တခြားသော ခန္ဓာကိုယ်တွင်းအရည်များမှတစ်ဆင့် အောက်ပါနည်းလမ်းများဖြင့် ကူးစက်နိုင်သည်။

- ရောဂါပိုးရှိသောမိခင်မှတစ်ဆင့် မွေးဖွားလာမည့်ကလေးငယ်သို့ မီးဖွားစဉ်ကာလအတွင်း တိုက်ရိုက်ကူးစက်ခြင်း၊ ရောဂါပိုးပါဝင်သည့် သွေးသွင်းမိခြင်း သို့မဟုတ် စနစ်တကျမသန့်စင်ထားသော ခန္ဓာကိုယ်အစိတ်အပိုင်းများ အစားထိုးကုသမှုခံယူခြင်း။
- ပိုးသတ်ထားခြင်းမရှိသောအပ်များ သို့မဟုတ် ချွန်ထက်သောပစ္စည်းများကို အသုံးပြုခြင်း (ဥပမာ - တက်တူးထိုးခြင်း၊ နားဖောက်ခြင်း၊ အပ်စိုက်ကုသခြင်း)။
- ရောဂါပိုးရှိသူအသုံးပြုပြီးသား ဆေးထိုးအပ်များနှင့် ဆေးထိုးကိရိယာများကို မျှဝေသုံးစွဲခြင်း၊ ပိုးရှိသူအသုံးပြုထားသော ဘလိတ်ဓား သို့မဟုတ် သွားတိုက်တံကဲ့သို့သောပစ္စည်းများကို မျှဝေသုံးစွဲခြင်း စသည့်နည်းလမ်းများမှတစ်ဆင့် ကူးစက်နိုင်သည်။

**"အသည်းရောင်အသားဝါ (ဘီ) ရောဂါပိုးရှိနေသူအများစုသည် ကနဦးကာလများတွင် မည်သည့်ရောဂါလက္ခဏာမျှ ထင်ထင်ရှားရှားပြသခြင်းမရှိဘဲ ကျန်းမာနေသူကဲ့သို့ နှစ်ပေါင်းများစွာ နေထိုင်သွားနိုင်သည်။ သို့သော် ရောဂါပိုးစတင်ဝင်ရောက်ပြီး အသည်းရောင်ရမ်းမှုပြင်းထန်လာချိန်၌ တချို့သောဝေဒနာရှင်များတွင် အောက်ပါရောဂါလက္ခဏာများ တွေ့ကြုံရတတ်သည်။ ကိုယ်ပူခြင်း၊ ဖျားခြင်း၊ အကြောင်းရင်းမရှိဘဲ အလွန်အမင်းမောပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်းနှင့် ဝမ်းဗိုက်ညာဘက်အပေါ်ပိုင်း (အသည်းရှိသည့်နေရာ) ၌ အောင့်ခြင်း၊ ဆီးအရောင်ရင့်လာခြင်း၊ မျက်လုံးနှင့်အရေပြားများဝါဝင်းလာခြင်း (အသားဝါခြင်း)နှင့် အဆစ်အမျက်များနာကျင်ကိုက်ခဲခြင်း စသည့် လက္ခဏာများပြတတ်သည်..."**

(မှတ်ချက် - နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်း သို့မဟုတ် အစားအစာအတူစားခြင်းတို့ဖြင့် ကူးစက်ခြင်းမရှိပါ။)

### ရောဂါပိုးကူးစက်နိုင်ခြေမြင့်မားသူများ

နေ့စဉ်လူနေမှုဘဝဖြစ်တည်မှုများနှင့် လုပ်ငန်းခွင်အခြေအနေများအရ ရောဂါပိုးကူးစက်ခံရနိုင်ခြေ ပိုမိုမြင့်မားသောအုပ်စုတွင် ပါဝင်နေသူများမှာ မကြာခဏ သွေးနှင့် သွေးသန့်စင်မှု ကုသမှုခံယူရသူများ၊ နာတာရှည်ကျောက်ကပ်ပျက်စီးပြီး ကျောက်ကပ်ဆေးခြင်း (Dialysis) အမြဲမပြတ်ခံယူနေရသည့်လူနာများ၊ ကိုယ်တွင်းအင်္ဂါအစားထိုးကုသမှုခံယူထားသူများ၊ မူးယစ်ဆေးဝါးကို သွေးကြောအတွင်းထိုးသွင်းရာတွင် ဆေးထိုးအပ်မျှဝေသုံးစွဲတတ်သူများ၊ လူနာများ၏ သွေးနှင့်ခန္ဓာကိုယ်ထွက်အရည်များကို နေ့စဉ်ကိုင်တွယ်နေရသည့် ကျန်းမာရေးဝန်ထမ်းများသည် ရောဂါပိုးကူးစက်ခံရနိုင်ခြေ ပိုမိုမြင့်မားသောအုပ်စုတွင် ပါဝင်ကြသည်။

### ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ

အသည်းရောင်အသားဝါ (ဘီ) ရောဂါပိုး၏ အန္တရာယ်အရှိဆုံးအချက်မှာ ကာလရှည်ကြာစွာ နာတာရှည်အသည်းရောင်ခြင်းကြောင့် အသည်းဆဲလ်များပျက်စီးကာ အနာရွတ်များဖြစ်ပေါ်ပြီး အသည်းခြောက်ခြင်း (Cirrhosis) သို့ ကူးပြောင်းသွားနိုင်ခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် အသည်းလုပ်ငန်းဆောင်တာများ လုံးဝပျက်စီးခြင်း သို့မဟုတ် ကြောက်မက်ဖွယ်ကောင်းသော အသည်းကင်ဆာ (Liver Cancer) ရောဂါများ ဆက်လက်ဖြစ်ပွားလာနိုင်ခြင်းတို့သည် နောက်ဆုံးတွင် အသက်အန္တရာယ်ထိခိုက်ပျက်စီးသည်အထိ ပြင်းထန်သော နောက်ဆက်တွဲဆိုးကျိုးများကို ခံစားရနိုင်သည်။

### ရောဂါကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ

အသည်းရောင်အသားဝါ (ဘီ) ရောဂါသည် ကြိုတင်ကာကွယ်နိုင်သောရောဂါတစ်ခုဖြစ်ပြီး အထိရောက်ဆုံးကာကွယ်နည်းမှာ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းဖြစ်သည်။

မွေးဖွားပြီးစ ကလေးငယ်အားလုံးကို မွေးဖွားပြီး ၂၄ နာရီအတွင်း ပထမဆုံးကာကွယ်ဆေး စတင်ထိုးနှံပေးရမည်ဖြစ်ပြီး ဆက်လက်၍လည်း ပုံမှန်ကာကွယ်ဆေးအစီအစဉ်အတိုင်း အကြိမ်ပြည့် ထိုးနှံပေးရမည်။ ကာကွယ်ဆေးမထိုးရသေးသူများအနေဖြင့် မိမိတို့၏ သွေးအတွင်း ရောဂါပိုး ရှိ၊ မရှိ အရင်ဆုံးစစ်ဆေးပြီး ပိုးမရှိပါက ကာကွယ်ဆေးကို သတ်မှတ်ချက်အတိုင်း အကြိမ်ပြည့် သုံးကြိမ် မပျက်မကွက် ထိုးနှံရမည်။

သွေးသွင်းကုသမှုခံယူရန်လိုအပ်ပါက ရောဂါပိုးကင်းစင်ကြောင်း သေချာစွာစစ်ဆေးထားပြီးဖြစ်သောသွေးကိုသာ ရွေးချယ်သွင်းယူရမည်။ ဆေးထိုးအပ်များ၊ ဘလိတ်ဓားများနှင့် သွားတိုက်တံများကို တခြားသူနှင့်ရောနှောအသုံးမပြုသင့်ပေ။

### ရောဂါပိုးရှိသူများအတွက် ကုသစောင့်ရှောက်မှု

အကယ်၍ ခန္ဓာကိုယ်အတွင်း ရောဂါပိုးရှိနေပြီဖြစ်သော ဝေဒနာရှင်များအနေဖြင့် စိတ်ပျက်အားငယ်ရန်မလိုဘဲ နာတာရှည်အသည်းရောဂါအဆင့်သို့ ပြောင်းလဲမသွားစေရန် အောက်ပါအတိုင်း ကုသစောင့်ရှောက်နိုင်သည်။

### အသည်းကို အနားပေးခြင်း

အသည်းဆဲလ်များ ထပ်မံပျက်စီးမှုကိုတားဆီးရန် လုံလောက်စွာ အိပ်စက်အနားယူခြင်း၊ အရက်သောက်ခြင်းကို လုံးဝရှောင်ကြဉ်ခြင်းနှင့် အာဟာရပြည့်ဝသောအစားအစာများကို ရွေးချယ်စားသုံးသင့်သည်။

### ဗိုင်းရပ်စ်တားဆေးများဖြင့် ကုသခြင်း

အသည်းအထူးကုဆရာဝန်ကြီးများနှင့် စနစ်တကျပြသကာ ပိုးအကောင်ရေလျှော့ချပေးမည့် ဗိုင်းရပ်စ်ထိန်းချုပ်ဆေးများကို ညွှန်ကြားချက်အတိုင်း တစ်သက်တာ စွဲစွဲမြဲမြဲ မပျက်မကွက်သောက်သုံးရန် လိုအပ်သည်။

အချုပ်ဆိုရသော် အသည်းရောင်အသားဝါ (ဘီ) ရောဂါသည် မိမိတို့ မသိလိုက်ဘဲ အသည်းကို တိတ်တဆိတ်ဖျက်ဆီးနေသည့်အန္တရာယ်ကြီးမားသော ကူးစက်ရောဂါဖြစ်သော်လည်း စနစ်တကျ သွေးစစ်ဆေးခြင်း၊ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကျန်းမာရေးအသိပညာများဖြင့် ဆင်ခြင်နေထိုင်ခြင်းအားဖြင့် မိမိနှင့်မိမိတို့၏မိသားစုကို အဆိုပါအန္တရာယ်ဆိုးမှကင်းဝေးအောင် သေချာပေါက်ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာအောင်ညွန့်ပိုင်

# ကမမောင်းမြို့၌ ကျောင်းကျန်းမာရေးနှင့်သွေးလွန်တုပ်ကွေးကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

ကမမောင်း ဇူလိုင် ၁၉

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့ အမှတ် (၃) အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာပညာသင်ကြားနိုင်ရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အထကောင်းများရရှိစေရန် ရည်ရွယ်သည့် ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၁၈ ရက်က ကျင်းပသည်။

ထိုဟောပြောပွဲတွင် ကမမောင်းမြို့ ကျေးလက်ကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နန်းယုဝေက လက်ဆေးခြင်းနှင့်သွားတိုက်ခြင်း အပါအဝင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ရာသီအလိုက်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး၊ မိုးရာသီကျန်းမာရေးနှင့် ကျောင်းမုန့်ဈေးတန်းဘေးကင်းလုံခြုံရေးအချက်အလက်များကို အကျယ်တဝင့်ပညာပေးဟောပြောသည်။ ဆက်လက်၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်မိမာမာကြည်က ကလေးငယ်များ ဉာဏ်ရည်ထက်မြက်ပြီး ကျန်းမာသန်စွမ်းစေရန် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကဏ္ဍ၏အရေးပါပုံနှင့် အာဟာရပြည့်ဝစွာစားသောက်ရေးတို့ကို အမှာစကားပြောကြားသည်။

အဆိုပါအသိပညာပေးပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ ဟောပြောပွဲအပြီးတွင် ကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များသည် ရပ်ကွက်အတွင်းရှိ နေအိမ်များသို့လှည့်လည်ကာ မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်ရေး




အတွက် ရေတင်ကျန်နိုင်သော ဘူး၊ ခွက်နှင့် တာယာဟောင်းများကို ရှင်းလင်းပေးကြသည်။ ထို့ပြင် ရေစည်ရေအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်တကျ ပြုလုပ်ခြင်းနှင့် ရေတွင်းရေကန်များအတွင်း အဘိတ်ဆေးခတ်ပေးခြင်း စသည့် ရပ်ရွာအကျိုးပြုကျန်းမာရေးလုပ်ငန်းများကို စုပေါင်းကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ကမမောင်း(ပြန်/ဆက်)

# နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များဆောင်ရွက်ပေး



ကော့သောင်း ဇူလိုင် ၁၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပြုလုပ်ပေးခြင်းကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဇူလိုင်လ ၁၈ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူးသည် ရက် ၁၀၀ စီမံချက်ဖြင့် လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများထံသို့ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များပေးအပ်ကြသည်။

အဆိုပါ ရက် ၁၀၀ စီမံချက်ဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အသက် ၁၈ နှစ်ပြည့်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်မရရှိသေးသူများအား ဆောင်ရွက်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့် မှတ်ပုံတင်လဲလှယ်ခြင်း၊ ဟောင်းနွမ်းပျက်စီး မှတ်ပုံတင်များကို အသစ်လဲလှယ်ပေးခြင်း၊ အသက် ၁၀ နှစ်နှင့်အထက် မှတ်ပုံတင် ပြုလုပ်ပေးခြင်း၊ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းတို့ကို ဧပြီလ ၂၀ ရက်မှ ဇူလိုင်လ ၃၁ ရက်ထိ မြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းဖွင့်ကာလတွင် စာသင်ကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# လားရှိုးမြို့၌ ယခုနှစ်မိုးရာသီတွင် အစေ့ထုတ်ပြောင်းဧက ၈၀၀၀၀ ကျော်စိုက်ပျိုးမည်

လားရှိုး ဇူလိုင် ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မိုးသီးနှံအစေ့ထုတ်ပြောင်းဧက ၈၀၀၀၀ ကျော်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လားရှိုးခရိုင်ဦးစီးမှူးရုံးမှသိရသည်။

လားရှိုးခရိုင်ဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးမင်းက "ကျွန်တော်တို့လားရှိုးမြို့နယ်မှာတော့ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်မှာ မိုးသီးနှံအစေ့ထုတ်ပြောင်းကို ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခုနှစ် ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်မှာတော့ မိုးသီးနှံအစေ့ထုတ်ပြောင်းကို လျာထားဧက ၈၈၃၁၈ ဧကဖြစ်ပြီး လက်ရှိစိုက်ပျိုးပြီးဧကမှာ ၅၅၉၂၈ ဧကစိုက်ပျိုးပြီးဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့လျာထားချက်ပြည့်အောင်စိုက်ပျိုးသွားမှာပါ။ ကျွန်တော်တို့စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ကတော့ စိုက်ပျိုးသူတောင်သူတွေကို လိုအပ်တဲ့နည်းပညာ၊ ဆေးဝါးသုံးစွဲမှုနဲ့ နိုင်ငံတော်ကပံ့ပိုးပေးတဲ့ မျိုးစေ့၊ မြေဩဇာတွေကို ပံ့ပိုးပေးနေပါတယ်။ ဒါ့အပြင် စိုက်ပျိုးရေးအသိပညာပေးခြင်းတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ပြောသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေဖြင့် အစေ့ထုတ်ပြောင်းကိုအဓိကစိုက်ပျိုးကြပြီး နှစ်စဉ်ပြောင်းစိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေများရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အောင်လင်း(ဖ၀၈)

# ကျွန်းလှမြို့နယ်၌ မိုးစပါးမျိုးစေ့ထုတ်စံပြကွက်စိုက်ပျိုးခြင်းကွင်းသရုပ်ပြ

ကျွန်းလှ ဇူလိုင် ၁၉

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးမျိုးစေ့ထုတ်စံပြကွက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မန်ကျည်းအင်းကျေးရွာ ကွင်းအမှတ် (၂၉၂) တောင်သူ ဦးစောထွေး၏ ရောမင်းစပါးမျိုး ၅ ဧက၌ ဇူလိုင်လ ၁၉ ရက်တွင်ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက မိုးစပါးမျိုးစေ့ထုတ်စိုက်ပျိုးရာတွင် ကြိုးတန်းခြောက်တန်း တစ်တန်းလှပ်စိုက်ပျိုးခြင်းဖြင့် အပင်ကြီးထွားမှုမြန်ဆန်ပြီး ပေါင်းမြက်ကင်းရှင်းခြင်း၊ ပိုးမွှားရောဂါကင်းစင်ခြင်း၊ ရင့်မှည့်ညီညာပြီး ရိတ်သိမ်းချိန်အလေအလွင့်နည်းပါးခြင်း၊ အခြားမျိုးကွဲများမပါဝင်ခြင်း၊ သီးနှံအထွက်ပိုခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ကျွန်းလှမြို့နယ်၌ ၂၀၂၆ - ၂၀၂၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၃၅၆၉၆ ဧကစိုက်ပျိုးရန်လျာထားပြီး လက်ရှိအချိန်အထိ ၁၉၃၃ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း၊ ဒေသရာသီဥတုနှင့်ကိုက်ညီသည့် ရောမင်း၊ မနောသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေနှင့် အောင်နိုင်တိုးစပါးမျိုးတို့စိုက်ပျိုးကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)




**MWD Education, Knowledge & Sports Channel** ၂၀-၇-၂၀၂၆ (တနင်္လာနေ့)

၁။ ၀၇:၀၀ မှ ၀၈:၄၀ Grade-3 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုရေး၊ သိပ္ပံ

၂။ ၁၅:၃၀ မှ ၁၈:၂၅ Grade-7 မြန်မာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁)

၃။ ၁၈:၂၅ မှ ၂၀:၂၂ Grade-7 သင်္ချာ(၂)၊ ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ


## တုန့်နှိုင်းဂုဏ်ကျော် တပ်မတော်

✦ သစ္စာလေးချက်၊ သံမှိုနှက်သို့
မပျက်ဝန်တာ၊ ကျေပွန်စွာလျှင်
ပြည်ရွာအရေး၊ အသက်သွေးတို့
ပေးဆပ်စွန့်ပျော် စစ်သည်ကျော်။
ရဲဝံ့ထင်ပေါ် တပ်မတော်။

✦ မိဝေးဖဝေး၊ ကြင်သူဝေးနှင့်
ဝေးတစ်နေရာ၊ စစ်မြေမှာလျှင်
ခန္ဓာအသက်၊ မငဲ့ကွက်ဘဲ
အဖျက်ရန်စ၊ ကင်းစင်ပအောင်
နှိုးထတွန်းလှန်၊ ဖွဲ့စိတ်သန်လျက်
အားမာန်ပြည့်မော် စစ်သည်ကျော်။
တိုင်းပြည်ဂုဏ်ဖော် တပ်မတော်။

✦ ရေဘေးလေဘေး၊ လောင်မီးဘေးနှင့်
ဘေးမျိုးစုံစွာ၊ ကျရောက်ပါလည်း
ချိန်ခါမဆိုင်း၊ နေရာတိုင်းတွင်
ဝိုင်းဝန်းကူညီ၊ လုပ်ဆောင်သည်တည့်
စွမ်းရည်မြင့်မော် စစ်သည်ကျော်။
ပြည်ကျိုးဆောင်ဖော် တပ်မတော်။

✦ ဩော်...
တိုက်ပွဲတိုင်းကျော်၊ စစ်သည်တော်တို့
ပျော်ရာမနေ၊ တော်ရာနေ၍
တိုင်းပြေ(ပြည်)ဝန်တာ၊ ကျေပွန်စွာလျှင်
မြန်မာတို့ပြည်၊ ကမ္ဘာချီစေ
တည်ကြည်ဖြောင့်မတ်၊ ထိုစိတ်ဓာတ်ဖြင့်
မြင့်မြတ်ထင်ပေါ် စစ်သည်ကျော်။
တုန့်နှိုင်းဂုဏ်ကျော် တပ်မတော်။ ။

မောင်မောင်အေး(ဘိုကလေး)

# မင်းဘူး(စကု)မြို့နယ်၌ ဝါမျိုးစေ့နှင့်သွင်းအားစုများပေးအပ်

မင်းဘူး ဇူလိုင် ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်သမဝါယမအသင်းစုရုံး၌ ဇူလိုင်လ ၁၈ ရက်တွင် ဝါစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများအား သီးနှံစိုက်ပျိုးချိန်အထောက်အကူပြုစေရန်အတွက် မျိုးနှင့်သွင်းအားစုများပေးအပ်ခြင်းကို ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မေလတ်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် လူမှုစီးပွားမြှင့်တင်ရေး(သက်တံ့ရောင်)စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် သီးကုန်းကျေးရွာမှ အသင်းသားတောင်သူများအား မျိုးနှင့်သွင်းအားစုများပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သီးကုန်းမွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်းသားတောင်သူပေါင်း ၃၃ ဦးအား ဝါသီးနှံစိုက်ဧက ၆၅ ဧကအတွက် စုစုပေါင်းငွေကျပ် ၁၅၃၄၀၀၀၀ နှင့်ညီမျှသော မျိုးနှင့်သွင်းအားစုများကို တောင်သူလက်ဝယ်သို့ ပေးအပ်ကြောင်းသိရသည်။

မောင်မောင်(မင်းဘူး)

# (၇၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များပြောကြားသော အမှတ်တရရင်တွင်းစကားသံများ

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးတို့သည် အာဇာနည်ဆိုသည့်အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ပြည့်စုံပါပေသည်။ အာဇာနည်ကို မြန်မာအဘိဓာန်တွင် အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာသိသောသူ၊ သာမန်ထက် လက်ရုံးရည်၊ နှလုံးရည်ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ နိုင်ငံနှင့်လူမျိုးအတွက် ကိုယ်ကျိုးမငဲ့ဘဲ လွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးတို့ကို မျိုးဆက်သစ်လူငယ်များ အားကျအတုယူနိုင်စေရန် အာဇာနည်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် (၇၉) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အဆိုပါ (၇၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပရာ အခမ်းအနားသို့ လာရောက်ဂါရဝပြုကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များပြောကြားသော အမှတ်တရရင်တွင်းစကားသံများကို ဖော်ပြလိုက်ရပါသည်။

ရန်ကုန်သတင်းအဖွဲ့


ဦးရဲအောင်သန်း


ဦးရဲမြင့်အောင်


ဦးသန့်ဇင်ချို


စဝ်ကိုင်ဖ


ဒေါ်နန့်စိုးစိုးခိုင်


ဒေါ်မြင့်မြင့်ခိုင်


ဦးလှကြည်


ဒေါ်ခက်တာမင်းမြင့်


ဦးအောင်ကိုကို

**ဦးရဲအောင်သန်း**
**(ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုဝင်)**

ငြိမ်းချမ်းရေးက နိုင်ငံအတွက် အရေးကြီးတယ်။ လူငယ်တွေအားလုံးက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လိုက်ပါဆောင်ရွက်သင့်တယ်လို့ထင်ပါတယ်။ (၇၉) နှစ်မြောက် အာဇာနည်နေ့ကို ဦးလေးဖြစ်သူ ဦးအောင်ဆန်းဦးက ကျန်းမာရေးအခြေအနေကြောင့် မတက်ရောက်နိုင်တဲ့အတွက် ဦးလေးကိုယ်စား ကျွန်တော်က တက်ရောက်ဂါရဝပြုခြင်းဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို လေးစားအတုယူသင့်တယ်။ လူငယ်တွေ လက်ရှိမှာ အပျော်အပါးတွေ လျှော့ပြီး ကိုယ့်နိုင်ငံအတွက် တစ်ထောင့်တစ်နေရာကနေပါဝင်သင့်တယ်။ အားလုံးငြိမ်းငြိမ်းချမ်းချမ်းဖြစ်သွားရင် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမှာပါ။

**ဦးရဲမြင့်အောင်**
**(သခင်မြ၏ မိသားစုဝင်)**

အာဇာနည်နေ့နဲ့ပတ်သက်ပြီး လူငယ်တွေကို ပြောချင်တာက တစ်နှစ်ပတ်လုံး မေ့နေပြီး ဒီလိုနေ့ရက်ရောက်ရင်တော့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို သတိရစေချင်တယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေအနေနဲ့ လွတ်လပ်ရေးကို ဘယ်လိုစွမ်းစွမ်းတမံရယူဆောင်ရွက်ခဲ့တယ်ဆိုတာတွေကို သိစေချင်တယ်။ အားလုံးက စိတ်ဝမ်းမကွဲဘဲ စည်းစည်းလုံးလုံးနဲ့ နိုင်ငံအတွက် ထမ်းဆောင်စေချင်ပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ စိတ်ဓာတ်တွေ လူငယ်တွေဆီမှာ ရှိစေချင်ပါတယ်။ ဒါမှ နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမှာပါလို့ ပြောချင်ပါတယ်။

**ဦးသန့်ဇင်ချို**
**(ဒီးဒုတ်ဦးဘချို၏ မိသားစုဝင်)**

ဒီနေ့ အခမ်းအနားတက်ရောက်ဖြစ်တာက အဘိုးဖြစ်တဲ့ အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချိုကို မိသားစုဝင်တစ်ဦးအနေနဲ့ လာရောက်ဂါရဝပြုတာပါ။ မြန်မာ့လွတ်လပ်ရေးကို ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့၊ သူတို့ရဲ့အသက်ကို ပဓာနမထားဘဲ မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ ခေါင်းဆောင်ကြီးတွေရဲ့ ကျေးဇူးတရားတွေ၊ ပြည်သူတွေ လွတ်လွတ်လပ်လပ်နဲ့နေနိုင်အောင် တိုက်ပွဲဝင်ခဲ့တဲ့ ကြိုးပမ်းမှုတွေကို သတိတရနဲ့ လာရောက်ပြီး ဂါရဝပြုတာဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုတွေ စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့နေမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။ ဒါကြောင့် အားလုံးက စိတ်ဝမ်းမကွဲဘဲ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေသွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**စဝ်ကိုင်ဖ**
**(မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏ မိသားစုဝင်)**

အာဇာနည်ကုန်း စတင်တည်ဆောက်ကတည်းက ယခုနှစ်အထိ မပျက်မကွက်ဘဲ နှစ်စဉ် လာရောက်ဂါရဝပြုပါတယ်။ ခေါင်းဆောင်ကြီးတွေကို လာရောက်ဂါရဝပြုရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ အာဇာနည်နေ့အခမ်းအနားကို ကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ လူငယ်တွေအားလုံး ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်နေကြပါလို့ ပြောချင်ပါတယ်။ ခေါင်းဆောင်ကြီးတွေကို အတုယူပြီး လိုက်နာလုပ်ဆောင်ကြပါလို့ မှာချင်ပါတယ်။

**ဒေါ်နန့်စိုးစိုးခိုင်**
**(မန်းဘခိုင်၏ မိသားစုဝင်)**

အခုလို အာဇာနည်နေ့အခမ်းအနားကို ခမ်းခမ်းနားနားဖြစ်မြောက်အောင် ဆောင်ရွက်ပေးပါသော နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ အာဇာနည်နေ့အခမ်းအနားကိုလာရောက်ပြီးဂါရဝပြုရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ နိုင်ငံအတွက် ပေးဆပ်ခဲ့တဲ့ ကျွန်မရဲ့ အဘိုးအတွက်လည်း အမြဲဂုဏ်ယူမိပါတယ်။ အရာအားလုံးကို ချစ်ခြင်းမေတ္တာနဲ့ တည်ဆောက်စေချင်ပါတယ်။

**ဒေါ်မြင့်မြင့်ခိုင်**
**(မန်းဘခိုင်၏ မိသားစုဝင်)**

ခေါင်းဆောင်ကြီးတွေ မျှော်မှန်းတဲ့ လွတ်လပ်ပြီး ဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းသာယာတဲ့ နိုင်ငံတော်ကြီးဖြစ်အောင် ကျရာတာဝန်နဲ့ အားလုံးစိတ်တူကိုယ်တူ ပါဝင်လုပ်ဆောင်ကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။ အနာဂတ်လူငယ်တွေအနေနဲ့ ကိုယ်ကျရာအခန်းကဏ္ဍကနေ အားလုံးညီညီညွတ်ညွတ်နဲ့ စိတ်တူကိုယ်တူလုပ်ဆောင်ကြဖို့ အရေးကြီးပါတယ်။ စိတ်တူကိုယ်တူနဲ့ လုပ်ဆောင်ကြမယ်ဆိုရင် မျှော်မှန်းတဲ့ နိုင်ငံတော်ကြီးဖြစ်လာမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

**ဦးလှကြည်**
**(ဦးရာဇတ်၏ မိသားစုဝင်)**

အာဇာနည်ခေါင်းဆောင်ကြီးတွေက ချမှတ်ထားတဲ့လမ်းစဉ်တွေ ရည်ရွယ်ချက်တွေကို ပြောဆိုထားပြီးဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်တွေအတိုင်း မျိုးဆက်သစ်လူငယ်တွေအနေနဲ့ လိုက်နာဆောင်ရွက်ဖို့လိုပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေလို စိတ်ဓာတ်မျိုးထားသင့်ပါတယ်။ နိုင်ငံကိုချစ်ပြီး ကြိုးကြိုးစားစား ဆောင်ရွက်စေချင်ပါတယ်။ နှစ်စဉ်နှစ်တိုင်း အာဇာနည်ခေါင်းဆောင်ကြီးတွေကို ဂါရဝပြုသလို အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ နိုင်ငံအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့တာတွေကိုလည်း အမြဲအမှတ်ရစေချင်ပါတယ်။

**ဒေါ်ခက်တာမင်းမြင့်**
**(ဦးအုန်းမောင်၏ မိသားစုဝင်)**

နိုင်ငံတော်က အခုလို ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးအတွက် အာဇာနည်နေ့အခမ်းအနားကို နိုင်ငံတော်အဆင့် ခမ်းခမ်းနားနား ပြုလုပ်ပေးတဲ့အတွက် မိသားစုဝင်တစ်ဦးအနေနဲ့ အထူးပဲ ကျေးဇူးတင်ပါတယ်။ နောက်နောင်လည်း ကျန်းမာရေးကောင်းသရွေ့ အာဇာနည်နေ့အခမ်းအနားကို တက်ရောက်မှာပါ။ လူငယ်တွေအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းလို လက်ရုံးရည်၊ နှလုံးရည်နဲ့ပြည့်စုံအောင် ကြိုးစားကြပါလို့ ပြောချင်ပါတယ်။

**ဦးအောင်ကိုကို**
**(ရဲဘော်ကိုထွေး၏ မိသားစုဝင်)**

ဗိုလ်ချုပ်တို့မကျဆုံးခင်မှာ ဗိုလ်ချုပ်နဲ့ ခေါင်းဆောင်ကြီးတွေဆောင်ရွက်နေတဲ့ အလုပ်တွေထဲကနေ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရရှိရေး၊ မြန်မာနိုင်ငံတော်ကြီးကို အချုပ်အခြာအာဏာပိုင်တဲ့ လွတ်လပ်သောနိုင်ငံဖြစ်ပေါ်ရေး၊ နိုင်ငံကိုအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးဆိုတဲ့ အဓိကရည်မှန်းချက် သုံးချက်ရှိပါတယ်။ အဲဒီသုံးချက်မှာ ပထမအချက်က အခြေခံကျပါတယ်။ ဘာကြောင့်လဲဆိုရင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက အဓိကကျတယ်။ ဒါကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်မှာ ပင်လုံစာချုပ်ချုပ်ဆိုနိုင်ခဲ့တယ်။ စာချုပ်ချုပ်ဆိုပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရခဲ့တယ်။ ပြီးတော့ ဗိုလ်ချုပ်အပါအဝင် ခေါင်းဆောင်ကြီးတွေကျဆုံးခဲ့ရတယ်။ ခေါင်းဆောင်ကြီးတွေကျဆုံးပြီးတော့ မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့တယ်။ လက်ရှိ နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေတယ်။ ဒါကြောင့် အားလုံးက ဝိုင်းဝန်းပြီးတော့ ညီညီညွတ်ညွတ်နဲ့ တစ်တပ်တစ်အားပါဝင်ကြဖို့လိုတယ်။ လူငယ်တွေအနေနဲ့ နိုင်ငံအပေါ်ချစ်တဲ့စိတ်နဲ့ စုပေါင်းဆောင်ရွက်ကြဖို့ပဲပြောချင်ပါတယ်။

# (၇၉)နှစ်မြောက် အာဇာနည်နေ့ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနား အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)၌ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

(၇၉)နှစ်မြောက် အာဇာနည်နေ့ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူပြီး အလေးပြုခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)၌ ကျင်းပသည်။



အခမ်းအနားသို့ (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်နှင့် ကော်မတီဝင်များ၊ ဌာနမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်များမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြု၍ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူပြီး နှစ်မိနစ်ငြိမ်သက်စွာ ဂါရဝပြုကြသည်။

ယနေ့ အာဇာနည်နေ့၌ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) အတွင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့ရာ အစည်းအဝေးခန်းမနှင့် ပါလီမန်လွှတ်တော်အဆောက်အအုံတို့ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူ လာရောက်လေ့လာနိုင်ရန် တစ်ရက်တာ အခမဲ့ဖွင့်လှစ်ခဲ့သည်။

အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) အတွင်း အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမ၌ အာဇာနည်ခေါင်းဆောင်ကြီးများ အသုံးပြုကျန်ရှိခဲ့သည့် ပစ္စည်း ၂၈ မျိုး၊ အစည်းအဝေးပြုလုပ်စဉ်က စားပွဲနှင့်ကုလားထိုင်များ၊ ကျဆုံးခေါင်းဆောင်များ၏ သတင်းနှင့် ဆောင်းပါးများ၊ အဆောက်အအုံသမိုင်းကြောင်းနှင့်ဗိသုကာလက်ရာများ၊ သက်တမ်းနှစ် ၁၃၀ ကျော်ရှိပြီဖြစ်သော ပါလီမန်လွှတ်တော်အဆောက်အအုံနှင့် သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားရာ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြပြီး ဉာဏ်စမ်းပဟေဠိမေးခွန်းများ ဖြေဆိုမှုမှ အမှတ်တရလက်ဆောင်များ ပေးအပ်သည့် အစီအစဉ်တွင်လည်း ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အထူးစိတ်ဝင်စားစွာ ပါဝင်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ဓနုဖြူ ဇူလိုင် ၁၉

မျိုးဆက်သစ် ကျောင်းသားလူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စာဖတ်သည့်အလေ့အထမြင့်မားလာစေရန်ရည်ရွယ်သည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့က ကျင်းပသည်။

အဆိုပါ အသိပညာပေးအစီအစဉ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်များ အပြန်အလှန်နှီးနှောဖလှယ်နိုင်မည့် စင်မြင့်တစ်ခုအဖြစ် ဖန်တီးပံ့ပိုးခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစီအစဉ်အရ လူငယ်စကားဝိုင်းအားစတင်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူများက ကဏ္ဍစုံလင်စွာ အသီးသီးပါဝင်ဆွေးနွေးကြသည်။ အဆိုပါစကားဝိုင်းတွင် ကျောင်းသူ မယမင်းက လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောင်းသားမောင်ထက်ယံက လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောင်းသူမမျိုးသီရိသန့်က လူငယ်နှင့်ပညာရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောင်းသား မောင်ကောင်းဆက်လင်းက လူငယ်နှင့်ရည်မှန်းချက် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောင်းသူ မယုမိစံက လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး အကျယ်တဝင့်နှီးနှောဖလှယ်ခဲ့ကြသည်။

ထို့ပြင် အခမ်းအနားသို့တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူလူငယ်များက ပြန်လည်ဖြေကြားပေးခဲ့သဖြင့် အပြန်အလှန်အသိပညာဗဟုသုတတိုးပွားစေမည့် ကဏ္ဍတစ်ခုဖြစ်ကြောင်း သိရသည်။ **ချမ်းမြေ့**

# (၇၉)နှစ်မြောက် အာဇာနည်နေ့၌ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူနှင့် ပြည်သူအများအပြားလာရောက်ကြည့်ရှုလေ့လာ

ရန်ကုန် ဇူလိုင် ၁၉

၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် (၇၉)နှစ်မြောက်အာဇာနည်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း(ယခင်တာဝါလိန်းလမ်း) ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သို့ ရဟန်းရှင်လူနှင့် ပြည်သူအများအပြား လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။





"အာဇာနည်နေ့မှာ ဗိုလ်ချုပ်ပြတိုက်ကို လာရောက်ကြတဲ့ပြည်သူတွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေ ကြည့်ရှုလေ့လာနိုင်အောင် ဗိုလ်ချုပ်မွေးဖွားခဲ့တဲ့ ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်ကနေ ဗိုလ်ချုပ်ကျဆုံးခဲ့တဲ့ ၁၉၄၇ ခုနှစ်ဇူလိုင်လ ၁၉ ရက်အထိ ဗိုလ်ချုပ်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုတွေ၊ မိသားစုဘဝနဲ့ သမိုင်းကြောင်းတွေကို စုံစုံလင်လင်ပြသထားပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေ၊ ပြည်သူတွေ စိတ်ဝင်တစားနဲ့ အများအပြား လာရောက်ကြည့်ရှုလေ့လာကြတာကိုတွေ့ရပါတယ်"ဟု အမျိုးသားပြတိုက်(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီသီသောင်းကပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့သည့် နေအိမ်ပြတိုက်၌ အများပြည်သူကြည့်ရှုလေ့လာနိုင်ရန်ပြကွက်အမျိုးမျိုးကို ခင်းကျင်းပြသထားပြီးပြကွက်တစ်ကွက်အဖြစ်ပြတိုက်အဝင်ပေါက်အနီး ဗိုလ်ချုပ်အောင်ဆန်းစီးခဲ့သည့် မော်တော်ယာဉ်ကို ပြသထားသည်။

ပြတိုက်အတက်လမ်းတွင် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်အား ရေးမူမပျက် အဆင့်ဆင့်ပြင်ဆင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများကိုပြသထားပြီး ပြကွက်နှစ်အဖြစ် လေသာဆောင်၌ ကုလားထိုင်တွင် ဗိုလ်ချုပ်စာဖတ်နေဟန်ဆီလီကွန်ရုပ်တုကိုပြသထားရာ ကျောင်းသားလူငယ်များနှင့် ပြည်သူအများ အထူးစိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြသည်။

ထို့အတူ ပြကွက်သုံးအဖြစ် အိမ်အတွင်း၌ ဗိုလ်ချုပ်နှင့်မိသားစု ထမင်းစားဝိုင်းကိုပြသထားပြီး စားပွဲပေါ်တွင်ဗိုလ်ချုပ်က ဇနီးဖြစ်သူ ဒေါ်ခင်ကြည်အား ပဲပြုတ်စားလိုကြောင်းရေးသားပေးခဲ့သည့် ဗိုလ်ချုပ်၏လက်ရေးမူကိုလည်းပြသထားသည်။ ထို့ပြင် စတိုခန်းနှင့် အစားအသောက်ပြင်ဆင်ပေးသည့်အခန်း၌ နည်းပညာပြခန်း(Digital Room) ကို ပြသထားရာ လူအများစိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။

ပြကွက်လေးအဖြစ် နေအိမ်၏ ဧည့်ခန်းမ၌ ပန်းချီဆရာကြီး ဦးငွေကိုင်ရေးဆွဲခဲ့သော ဗိုလ်ချုပ်စိုက်ပျိုးရေးလုပ်နေသည့် "အိမ်နောက်ဖေး ဈေးဆိုင်တည်" ပန်းချီကားကို ပြသထားပြီး ထိုပန်းချီကားဘေး၌ ဗိုလ်ချုပ်အောင်ဆန်းအား အိန္ဒိယနိုင်ငံ၏ခေါင်းဆောင် မစ္စတာနေရူးပေးခဲ့သည့် ကုတ်အင်္ကျီ၊ ဗိုလ်ချုပ်တို့အသုံးပြုခဲ့သည့် စားပွဲ၊ ကုလားထိုင်များနှင့် နံရံ၌ ဗိုလ်ချုပ်စစ်ဝတ်စုံနှင့် ကိုယ်တစ်ပိုင်းဓာတ်ပုံ၊ မိသားစုဓာတ်ပုံနှင့် ဗိုလ်ချုပ်မင်္ဂလာဆောင်စဉ်က ဓာတ်ပုံတို့ကို နံရံ၌ ချိတ်ဆွဲပြသထားသည်။

အလားတူ ပြကွက်ငါးအဖြစ် အပေါ်ထပ်ဘယ်ဘက်အခြမ်း၌ ဗိုလ်ချုပ်တို့ဇနီးမောင်နှံ အိပ်ခန်း၊ ခုတင်၊ ဗိုလ်ချုပ်တို့ဇနီးမောင်နှံ ဓာတ်ပုံများ၊ ဗိုလ်ချုပ်အသုံးပြုခဲ့သည့် အဝတ်အထည်များ၊ ဦးထုပ်များနှင့် ရှူးဖိနပ်တို့ကို ပြသထားပြီး ထိုအခန်းနှင့်ကပ်လျက် အခန်း၌ ဗိုလ်ချုပ်စာဖတ်ခန်းကို ပြသထားသည်။

ယင်းအပြင် ပြကွက်ခြောက်အဖြစ် ကလေးများအိပ်ခန်း၊ အိပ်ခန်းအတွင်း အောင်ဆန်းလင်း၏ အဝတ်အစားများ၊ ကစားစရာများ၊ ကျောင်းစာအုပ်များနှင့် အောင်ဆန်းလင်း၏ လက်ရေးမူစာသားနှင့် ဗိုလ်ချုပ်တို့ မိသားစုဓာတ်ပုံများကိုပြသထားသည်။

ကလေးအိပ်ခန်းနှင့်ကပ်လျက် အထူးအစည်းအဝေးခန်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်၊ ဗိုလ်ချုပ်နှင့် ဂျိန်ဖော့တိုင်းရင်းသူများ ဓာတ်ပုံနှင့် ဂျိန်ဖော့ဝတ်စုံဖြင့် ရိုက်ကူးထားသည့် ဒေါ်ခင်ကြည်၏ ဓာတ်ပုံတို့ကို ချိတ်ဆွဲပြသထားသည်။

အစည်းအဝေးခန်းအပြင်ဘက် လျှောက်လမ်းမှ လှေကားအနီး အိမ်အောက်ထပ်၌ မီးဖိုခန်း၊ ထိုနေရာမှ အိမ်အနောက်ဘက်၌ ဗိုလ်ချုပ်ကိုယ်တိုင် စိုက်ခင်းအတွင်း စိုက်ပျိုးနေသည့် ဆီလီကွန်ရုပ်တုကိုပြသထားသည်။

နောက်ဆုံးပြကွက် ပြကွက်ခုနစ်အဖြစ် ပြတိုက်အထွက်လမ်း၌ နည်းပညာပြကွက်များနှင့် ဉာဏ်စမ်းပဟေဠိအစီအစဉ်ကို ပြသဆောင်ရွက်ထားပြီး ဉာဏ်စမ်းပဟေဠိ ဖြေဆိုအောင်မြင်သူများကို အမှတ်တရလက်ဆောင်များလည်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့သည့် နေအိမ်ပြတိုက်ကို တနင်္လာနေ့နှင့် အများပြည်သူရုံးပိတ်ရက်များမှအပ အခြားနေ့များတွင် နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသလျက်ရှိကြောင်း သိရသည်။

မြဝတီ

# အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ ဆွမ်းဆက်ကပ်ခြင်းနှင့် အလှူဒါနပြုအမျှပေးဝေခြင်းအခမ်းအနားကျင်းပ



**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၄ ခုနှစ် (၇၉) နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်ခြင်း၊ အလှူဒါနပြုအမျှပေးဝေခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီ ၄၀ မိနစ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဋ္ဌေးအောင်၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသ ရွှေဘိုဆရာတော်ကြီးထံမှ ညှော့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသ ရွှေဘိုဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားပြီးဆုံးချိန်တွင်ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

# (၇၉)နှစ်မြောက် အာဇာနည်နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း တက်ရောက်



**နေပြည်တော် ဇူလိုင် ၁၉**

(၇၉)နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက်အသက်ပေးလှူသွားကြသည့်အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကုသိုလ်ပြုဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် အမျှပေးဝေခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဝနတိက္ခ အမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ညှော့်ပရိသတ်များက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယရွှေကျောင်းတော် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ တက်ရောက်လာကြသူများက သံဝေဂကထာတရားနာယူကြကာ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဥဩဆွဲအချက်ပေးခြင်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ၁ မိနစ် ငြိမ်သက်ဂါရဝပြုကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

# နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး အာဇာနည်နေ့အခမ်းအနားနှင့်ပတ်သက်၍ မီဒီယာများ၏မေးမြန်းမှုများဖြေကြား

**ရန်ကုန် ဇူလိုင် ၁၉**

ယနေ့ကျင်းပသည့် ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များတက်ရောက်ဂါရဝပြုကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက မီဒီယာများ၏ မေးမြန်းမှုအပေါ် ရှင်းလင်းဖြေကြားခဲ့မှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-




နိုင်ငံတော်သမ္မတကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ ၂၀၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ငါးကြိမ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ယာယီသမ္မတအနေနဲ့ ၂၀၂၅ ခုနှစ်မှာ တစ်ကြိမ် အခုနိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန် ၂၀၂၄ ခုနှစ်မှာ အာဇာနည်နေ့အခမ်းအနားကို တက်ရောက်တာဖြစ်ပါတယ်။ အာဇာနည်နေ့ကိုတစိုက်မတ်မတ်တက်ရောက်ခဲ့ခြင်းကနိုင်ငံတော်သမ္မတကြီးအနေနဲ့အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ လမ်းစဉ်နဲ့ မျှော်မှန်းချက်တွေကို တန်ဖိုးထားခြင်း၊ အမျိုးသားရေးတာဝန်ကို ဦးထိပ်ပန်ဆင်ခြင်း၊ သမိုင်းသင်ခန်းစာတွေ ဖော်ထုတ်ဖို့အတွက် ရည်မှန်းပြီးတက်နေတာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအနေနဲ့နိုင်ငံတော်အတွက် အသက်ပေးပြီး လွတ်လပ်ရေးကို တိုက်ယူခဲ့ကြတဲ့ အာဇာနည်ခေါင်းဆောင်ကြီးများရဲ့ဂုဏ်ကျေးဇူးကို အောက်မေ့သတိရတဲ့အနေနဲ့ ဒီနေ့အခမ်းအနားကို တက်ရောက်တာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကြီးက စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့အတူ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ် တည်ဆောက်ဖို့အတွက်ကို ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ထာဝရငြိမ်းချမ်းရေးရရှိဖို့လည်း အလေးထားဆောင်ရွက်နေပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေချမှတ်ခဲ့တဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အကောင်အထည်ဖော်နေခြင်းပဲဖြစ်ပါတယ်။

လက်ရှိအစိုးရအနေနဲ့လူငယ်တွေ ဗလငါးတန်ဖွံ့ဖြိုးဖို့ အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ပညာရေးကို အထူးအလေးထားအားပေးနေပါတယ်။ ဒါ့အပြင် လူငယ်စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ဖို့အတွက် အခြေခံပညာကျောင်းတွေမှာ ပြည်သူ့နီတိနဲ့ စာရိတ္တပညာရပ်တွေကို ထည့်သွင်းသင်ကြားပေးနေပါတယ်။

နိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့စိတ်နဲ့ ကာကွယ်စောင့်ရှောက်လိုတဲ့ စိတ်ဓာတ်လူငယ်ထုအတွင်း ထာဝရကိန်းအောင်းနေစေဖို့ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကင်းထောက်လူငယ်နဲ့လူရည်ချွန်စီမံကိန်းလို နယ်ပယ်စုံလေ့ကျင့်မှုတွေကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့သမိုင်းကြောင်း၊ ခေတ်စနစ်အတွေ့အကြုံနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ကြိုးပမ်းမှုတွေကို သင်ခန်းစာယူနိုင်ဖို့ Video Clip တွေ၊ ပြခန်းတွေကို အခမ်းအနားတွေကတစ်ဆင့် ဖော်ပြပေးလျက်ရှိပါတယ်။ သမိုင်းသင်ခန်းစာအနေနဲ့ အချင်းချင်းစည်းလုံးညီညွတ်မှုအားနည်းရင် လွတ်လပ်ရေးဆုံးရှုံးရတတ်တယ်ဆိုတဲ့ အသိအမြင်ကို နှလုံးသွင်းပြီး ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ရေးကို ဦးတည်ဆောင်ရွက်နေပါတယ်။ မိမိတို့ရဲ့အမျိုး၊ ဘာသာ၊ သာသနာနဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ ထုံးတမ်းစဉ်လာတွေကို မပျောက်ပျက်အောင် ထိန်းသိမ်းခြင်းဖြင့် အမျိုးသားရေးစရိုက်လက္ခဏာတွေကို မြှင့်တင်ပေးခြင်းလို့ ပြောလိုပါတယ်။

**သတင်းအဖွဲ့**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
| --- | --- | --- | --- |
| နေပြည်တော် | ၂၄˚c | / | ၃၂˚c |
| ရန်ကုန် | ၂၃˚c | / | ၃၄˚c |
| မန္တလေး | ၂၆˚c | / | ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ**

**နေပြည်တော် ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# ဒိုက်ဦးမြို့နယ်တွင် တိုင်းရင်းသားရေးရာ အသိပညာပေးခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်းအခမ်းအနားကျင်းပ



ဒိုက်ဦး ဇူလိုင် ၁၉

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် တာဂွကျေးရွာ ဘုရားကျောင်းခန်းမ၌ ယမန်နေ့နံနက်ပိုင်းက တိုင်းရင်းသားရေးရာ အသိပညာပေးခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်းအခမ်းအနား ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလင်းအောင် တက်ရောက်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလင်းအောင်က နိုင်ငံတော်အစိုးရအနေနှင့်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒတွေ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အစိုးရတစ်ရပ်တည်း သီးခြားလုပ်ဆောင်လို့ မအောင်မြင်နိုင်ပါဘူး။ သက်ဆိုင်ရာဒေသမှာရှိကြတဲ့ တိုင်းရင်းသားပြည်သူများက မိမိတို့ရဲ့ အခွင့်အရေးတွေ မဆုံးရှုံးရလေအောင် ပူးပေါင်းပါဝင်ပြီး ကူညီပံ့ပိုးဆောင်ရွက်ပေးကြဖို့ အထူးလိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒိုက်ဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပွင့်ဆန်းက လွှတ်တော်အရေးဆိုင်ရာများအကြောင်း ရှင်းလင်းဟောပြောပြီး တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆုသီရိအေးက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအကြောင်းမိတ်ဆက်ခြင်းနှင့် နိုင်ငံသားအခွင့်အရေးဆိုင်ရာများကိုလည်းကောင်း၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သံယောဇဉ်မိုးက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဦးက တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း အသီးသီးဆွေးနွေးဟောပြောကြသည်။

ဆက်လက်၍ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလင်းအောင်သည် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဒေသခံတိုင်းရင်းသားများထံမှ ဌာနဝန်ထမ်းများက ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်တို့ကို ဆန်းစစ်စီမံစစ်တမ်းကောက်ယူနေမှုတို့ကို ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူ ၁၃၀ ဦးတက်ရောက်ခဲ့ပြီး ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူ ၈၀ ဦးထံမှစစ်တမ်းကောက်ယူခဲ့ကြောင်း သတင်းရရှိသည်။

(၄၁၀)

## ရန်ကုန်မြို့၌ အိမ်ခြံမြေအကျိုးဆောင်များအတွက် AML/CFT ဥပဒေနှင့် FATF စံနှုန်းဆိုင်ရာ သင်တန်းများဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၁၉

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း ရန်ကုန်တိုင်းဒေသကြီး(ရုံးခွဲ)မှကြီးမှူး၍ ကျောက်တံတားခရိုင်နှင့်ကမာရွတ်ခရိုင်တို့ ပူးပေါင်းပြုလုပ်သည့် AML/CFT ဥပဒေဆိုင်ရာ အသိပညာပေးသင်တန်းအမှတ်စဉ် (၄၈/၂၀၂၆) နှင့် FATF ကမ္ဘာလုံးဆိုင်ရာစံနှုန်းများ၊ နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ မိတ်ဆက်ခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းအမှတ်စဉ် (၇/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့တွင်ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းရှိ ယုဇနဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကမာရွတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ (၁) ဦးဝဏ္ဏစိုးက နှုတ်ခွန်းဆက်စကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက FIU နှင့်ဆိုင်သော အသိပညာမြှင့်တင်ရေး၊ FATF ကမ္ဘာလုံးဆိုင်ရာစံနှုန်းများ၊ နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများမိတ်ဆက်ခြင်း၊ Digital Marketing နှင့် ပတ်သက်၍ AI စနစ် အသုံးပြုပုံများကို သင်ကြားပို့ချကြသည်။

အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများတွင် အဂတိလိုက်စားမှုများပပျောက်စေရန်၊ နိုင်ငံတော်ကချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကျိုးဆောင်နိုင်ရန်နှင့် အကျိုးဆောင်များအနေဖြင့် သင်တန်းတက်ရောက်ပြီးပါက တရားဝင်လိုင်စင်များထုတ်ယူကာ စနစ်တကျလုပ်ဆောင်နိုင်ရန်ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဒဂုံမြို့နယ် အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မိမိစံက ရှင်းပြသည်။ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းသည် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၄၅ မြို့နယ်အနက် လက်ရှိတွင် မြို့နယ် ၄၀ ၌ ဖွဲ့စည်းရပ်တည်ဆောင်ရွက်လျက်ရှိပြီး အသင်းဝင်အင်အား ၆၀၀၀ ကျော်ရှိကြောင်း သိရသည်။

ဝန်းရံခ

## တောင်ငူမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း

တောင်ငူ ဇူလိုင် ၁၉

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စု ထိန်ကုန်းကျေးရွာ၌ ဇူလိုင်လ ၁၇ ရက်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကျင်းပသည်။

ရှေးဦးစွာ တောင်ငူခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က သင်တန်းသူနှစ်ဦးအား သင်တန်းမှထွက်ရှိသော ကုန်ချောပစ္စည်းများပေးအပ်ခဲ့ပြီး သင်တန်းသူများ သင်ကြားပြုလုပ်ထားသည့် လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် ခဝတုပစ္စည်းများသုံးစွဲပုံ၊ ဆပ်ပြာနှင့်ခေါင်းလျှော်ရည်အမျိုးမျိုးပြုလုပ်ပုံတို့ကို စာတွေ့၊ လက်တွေ့ ငါးရက်ကြာသင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(၄၁၀)




## ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးဧက ၁၇၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ဝါးခယ်မ ဇူလိုင် ၁၉

တောင်သူများအနေဖြင့် စပါးစိုက်ဧကများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာစေရန်နှင့် အထွက်နှုန်းများတိုးတက်မြင့်မားလာစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၇၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဝါးခယ်မမြို့နယ်၌ မိုးစပါးလျာထားဧက ၂၁၃၂၁၆ ဧကကို ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ဧက ၁၇၆၀၈၀ အထိ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါမိုးစပါးများ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

"ဝါးခယ်မမြို့နယ်မှာ ဒီနှစ် မိုးစပါးလျာထားဧက ၂၁၃၀၀၀ ကျော်အထိ စိုက်ပျိုးမှာပါ။ လက်ရှိ မိုးစပါး ၁၇၆၀၈၀ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးဖို့အတွက် စပါးစတင်မစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကိုကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် မိုးစပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ဓာတ်မြေဩဇာတွေကိုလည်း ပံ့ပိုးပေးဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်စီစဉ်ပေးခဲ့ပါတယ်" ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ မိုးစပါးလျာထားဧကအားလုံး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ အုပ်ချုပ်ရေးအဖွဲ့၊ စသည့်ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးစပါးလျာထားဧက ၂၁၃၂၁၆ ဧက စိုက်ပျိုးရာတွင် ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ ဆာဖိုးသာ၊ ကရင်မ၊ ဗျောသုခ၊ ပေါ်ဆန်း၊ GW-11၊ GW-1 စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါစပါးအမျိုးအစားများသည် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသည့်အတွက် အဓိကထားစိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သုတကျော်

★ **စာမျက်နှာ ၁၅ မှအဆက်**

ဖူးလ်ဂေါ်စပယ်အသင်းတော်အဖွဲ့ချုပ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်၊ သနန္တနဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး၊ မြန်မာ့မွတ်စလင် အမျိုးသားရေးအဖွဲ့ဌာနချုပ်၊ မြန်မာ့မွတ်စလင်လူငယ်များအဖွဲ့ဌာနချုပ်၊ မြန်မာ့မွတ်စလင် သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ စားသုံးသူသမဂ္ဂ၊ မြန်မာနိုင်ငံတော် ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်း(ဗဟို)၊ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်၊ ရှင်သန်ရေးကူညီမှုအသင်း၊ အိုလမာအစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွအာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ယင်းနောက် (၇၉) နှစ်မြောက်အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများက စနစ်တကျတန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြသည်။

၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူခဲ့ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့က ဥဩဆွဲ အချက်ပေးခဲ့သည်။

ယနေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) များသို့လည်း အများပြည်သူများက လာရောက်ဂါရဝပြုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ မြဝတီ

PPIB News

# ဝါစိုက်ပျိုးထုတ်လုပ်မှုတွင် စက်ကိရိယာ တွင်ကျယ်စွာအသုံးပြုနိုင်ရေး ကျောပိုးဝါဆွတ်စက်ဖြင့် ဝါဆွတ်ခူးမှုသရုပ်ပြ



နေပြည်တော် ဇူလိုင် ၁၉

ဝါစိုက်ပျိုးထုတ်လုပ်မှုတွင် စက်ကိရိယာတွင်ကျယ်စွာအသုံးပြုနိုင်ရေး ကျောပိုးဝါဆွတ်စက်ဖြင့် ဝါဆွတ်ခူးမှုသရုပ်ပြခြင်းကို ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ဝါသီးနှံမျိုးသန့်ခြံ(ချောင်းမကြီးခြံ)နှင့် ဝမ်းတွင်းမြို့နယ် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ရွှေတောင်ခြံ)တို့၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်အားပေးပြီး နည်းပညာနှင့် လိုအပ်ချက်များကို မိမိတို့ဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းများနှင့်အညီ အပြည့်အဝ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သရုပ်ပြပွဲများတွင် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ကျောပိုးဝါဆွတ်စက်အသုံးပြု၍ ဝါဆွတ်ခူးခြင်းဖြင့် လုပ်သားလိုအပ်ချက်နည်းပါးမှု၊ အချိန်တိုအတွင်း ဝါအလေအလွင့်မရှိဆွတ်ခူးသိမ်းဆည်းနိုင်မှုတို့ကို ရှင်းလင်းပြသကြပြီး ဒေသခံ ဝါစိုက်တောင်သူများအား ပြည်ထောင်စုဝန်ကြီးက တစ်နှစ်ပတ်လည်စိုက်ပျိုးလုပ်ကိုင်မှုနှင့် တောင်သူ့အကျိုးအမြတ်၊ အသားတင်ဝင်ငွေအခြေအနေများကို ရင်းနှီးပွင့်လင်းစွာမေးမြန်းပြီး ဝါစိုက်ပျိုးထွက်ရှိမှုအားလုံးကို တောင်သူကိုယ်တိုင် စိတ်ကြိုက်ရောင်းချခွင့်ရှိသဖြင့် အမှန်တကယ်အကျိုးစီးပွားဖြစ်စေနိုင်မှုအပေါ်မူတည်၍ မြေအောက်ရေတူးဖော်အသုံးပြုခြင်း အပါအဝင် ထိုက်သင့်သည့် ရင်းနှီးမတည်မှုများကို တောင်သူများအပိုင်းက ထည့်သွင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားကာ တာဝန်ရှိသူများက စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ညနေပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ် ကြူဝန်းကျေးရွာအနီးရှိ ထုံးဘို ပိုးစာခြံ၏လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပိုးစာသုတေသနလုပ်ငန်းများ၊ အပူပိုင်းဒေသပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်းလုပ်ငန်းများကို နည်းစနစ်ကျကျ အောင်မြင်စွာဆောင်ရွက်ရန်၊ ပိုးစာမျိုးများနှင့်ပိုးမွေးမြူခြင်းနည်းပညာများမြှင့်တင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားကြောင်းသိရသည်။ မြဝတီ



# လဟယ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး ကြည့်ရှုစစ်ဆေး

မုံရွာ ဇူလိုင် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် ယနေ့ နံနက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန္တီး-ဆင်သေ-လဟယ်ကားလမ်းရှိ ထိန်ညို တောင် ရှုခင်းသာနှင့် ရိုးရာအဆောက်အဦ တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခန္တီး-ဆင်သေ-လဟယ် ကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၇၃-၇၄) ကီလိုမီတာအကြားရှိ ယာယီမြေထိန်းနံရံ နိမ့်ဆင်းသွားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားသည်။

ယင်းနောက် လဟယ်မြို့နယ်ရှိ "ပျော့ထိုက်" ချောင်းပေါ်တွင် "ပျော့ထိုက်" အသေးစားရေအားလျှပ်စစ်လုပ်ငန်းဆောင်ရွက်နေမှု၊ တောင်သူ ဦးဘယောင်ကိုင်းကီ၏ စိုက်ခင်းတွင် တောင်ယာမိုးစပါးများ စိုက်ပျိုးထားရှိမှု၊ လဟယ်မြို့ရှိကြေးတိုင်ပြင်ကွင်းအတွင်း မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးအဆောက်အဦများနှင့် ရိုးရာကွင်းဆောင်ရွက်မည့်အခြေအနေ၊ မြို့တော်ခန်းမ တည်ဆောက်မည့်မြေနေရာ၊ မိုးဒါန်းရေကန် အဆင့်မြှင့်တင်ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ရွှေ့ပြောင်းတောင်ယာစနစ်လျှော့ချရေးအတွက် နှစ်ရှည်သီးနှံကော်ဖီပင်များ၊ လက်ဖက်ပျိုးပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတိုင်းရင်းသားတောင်သူများထံ ကော်ဖီပင်များ၊ လက်ဖက်ပင်များနှင့် မျိုးစေ့များကိုပေးအပ်ကြောင်းသိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြစ်ကြီးနားတက္ကသိုလ်၌ နိုင်ငံတကာပညာရေးဖိုရမ် - ၂၀၂၆ ကျင်းပမည်

မြစ်ကြီးနား ဇူလိုင် ၁၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနားတက္ကသိုလ်၌ လာမည့်နိုဝင်ဘာလတွင် နိုင်ငံတကာပညာရေးဖိုရမ်-၂၀၂၆ ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါတက္ကသိုလ်မှသိရသည်။

အဆိုပါဖိုရမ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်၇ နာရီတွင်မြစ်ကြီးနားတက္ကသိုလ်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တက္ကသိုလ်သုတေသနစင်တာနှင့်တက္ကသိုလ်ဝင်းအတွင်းရှိ အဆောက်များကိုကြည့်ရှုစစ်ဆေးပြီး ဖိုရမ်သည်မြစ်ကြီးနားမြို့၌ နိုင်ငံတော်အဆင့် ပထမဆုံးအကြိမ်ကျင်းပသွားမည့် ဖိုရမ်ဖြစ်သည့်အတွက် လိုအပ်မှုမရှိစေရန်ကြိုတင်ပြင်ဆင်မှုအားလုံးဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါဖိုရမ်ကိုအာဆီယံနိုင်ငံများ၊တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနှင့် ရုရှားနိုင်ငံတို့မှ ထိပ်သီးတက္ကသိုလ်များ၊ ပြည်ပအဖွဲ့အစည်းများမှ ပညာရှင်များ၊ စာတမ်းရှင်များ တက်ရောက်ကြမည်ဖြစ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများ၊ လူမှုအသုံးချသိပ္ပံ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ လူမှုရေးသိပ္ပံ၊ ငြိမ်းချမ်းရေး၊ MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ၊ ဉာဏ်ရည်တု(AI) နည်းပညာ၊ ကမ္ဘာလုံးဆိုင်ရာ သင်ကြားပြသမှုစနစ်နှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစသည့် အဓိကကဏ္ဍကြီးလေးခုနှင့်စပ်လျဉ်းသည့် စာတမ်းဖတ်ပွဲများပါဝင်မည့်အပြင် ဒေသထွက်ကုန်ပြခန်းများ၊ ရိုးရာယဉ်ကျေးမှုပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

○ **ကျောဖုံးမှအဆက်**

လုပ်ငန်းများကို အဆက်မပြတ် ပုံမှန်ရိုက်ခတ်လည်ပတ်နေခြင်းဖြစ်ကြောင်း ယွန်းလုပ်ငန်းရှင်များ၏ ပြောပြချက်အရ သိရသည်။

မြန်မာ့လူနေမှုစနစ်တွင် ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်နှောင်းပိုင်းအထိ ယွန်းထည်အမျိုးမျိုးကို စွဲစွဲမြဲမြဲအသုံးပြုခဲ့ကြပြီး ယနေ့တိုင်လည်း ဒေသတွင်းထင်ရှားသည့် ရွှေစည်းခုံ၊ အာနန္ဒာ၊ ငှက်ပစ်တောင်၊ တုရင်တောင်နှင့် ကန်တော့ပလ္လင်ဘုရားပွဲများအပြင် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေမြို့ရှိ ရှင်ပင်စာကြိုလှဘုရားပွဲများတွင် ယွန်းပလို့ခေါ်သည့် ငါးဆင့်ပါဆွမ်းအုပ်ကြီးများဖြင့် ဆွမ်းပို့ခြင်း၊ ဆွမ်းလောင်းလှူခြင်းတို့ကို အစဉ်အလာမပျက်တွေ့ရှိနေရဆဲဖြစ်သည်။ ယွန်းထည်လုပ်ငန်းသည် အလွန်အနုစိတ်ရသည့် လက်မှုပညာရပ်ဖြစ်ပြီး လက်ရှိတွင် ယွန်းလက်ဖက်အုပ်နှင့် ယွန်းဆွမ်းအုပ်များကို အများဆုံးထုတ်လုပ်လျက်ရှိကာ ထုတ်လုပ်သည့် ယွန်းပစ္စည်းအမျိုးအစား စုစုပေါင်း တစ်ရာကျော်အထိရှိသည်။


အဆိုပါယွန်းထည်များ ထုတ်လုပ်ရာတွင် မြန်မာနိုင်ငံအနှံ့အပြားမှ ထွက်ရှိသော တင်းဝါး၊ နန်းထောင်ဝါး၊ မဲဇာဝါးနှင့် မဲတင်းခါးဝါးများကို အသုံးပြုကြသော်လည်း ယွန်းထည်အရည်အသွေးအတွက် မဲတင်းခါးဝါးတစ်မျိုးတည်းကိုသာ အဓိကထား စွဲစွဲမြဲမြဲအသုံးပြုကြသည်။ ထုတ်လုပ်မှုဖြစ်စဉ်တွင် နှီးဖြာခြင်း၊ နှီးစိတ်ခြင်း၊ နှီးသတ်ခြင်း၊ နှီးခေါင်းထိုးခြင်း၊ ရက်ထည်၊ ပုတ်ထည်၊ ကြောင်လိမ်ထည်လုပ်ခြင်း၊ ပွေတည်ခြင်း၊ မြေခံခြင်း၊ အဖြူခွေခြင်း၊ အချောခံခြင်း၊ သားရိုးချောခြင်း၊ စဉ့်ဖတ်တင်ခြင်း၊ ယွန်းထပ်ခြင်းနှင့် ဓားကောက်ခြစ်ခြင်း စသည့် အဆင့်ဆင့်သော လုပ်ငန်းစဉ်များကို စနစ်တကျလုပ်ကိုင်ကြရသည်။

ယွန်းထည်များ အဆင့်ဆင့်ပြုလုပ်ပြီးစီးပါကလည်း ချက်ချင်းရောင်းချ၍မရဘဲ မြေအောက်ခန်းအတွင်း အလုံပိတ်ကာ မြေထပ်ပေးထားရပြီး တစ်နှစ်ကျော်ကြာမှသာ နောက်ဆုံးအဆင့်အဖြစ် ဈေးကွက်သို့ တင်ပို့ရောင်းချရကြောင်းသိရသည်။

**ဒီပါလင်း**



နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး ဒုတိယအကြီးအကဲက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မြန်မာနိုင်ငံဆိုင်ရာ လာအို သံအမတ်ကြီးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မြန်မာနိုင်ငံဆိုင်ရာ ရုရှား သံအမတ်ကြီးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မြန်မာနိုင်ငံဆိုင်ရာ တရုတ် သံအမတ်ကြီးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။





ရဟန်းရှင်လူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အများပြည်သူများက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**
မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံဟိန္ဒူအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ ဖွံ့ဖြိုးတိုးတက်ရေးအကျိုးပြုအသင်း၊ လေးကျွန်းသူဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးဗဟို၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ **စာမျက်နှာ ၁၄ သို့** ★



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို ဦးအောင်သန်း၏မြေး ဦးရဲအောင်သန်းနှင့်မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သခင်မြ၏မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ (၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်တို့နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြသည်။

ထိုအချိန်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့လျှော့ချ လွှင့်ထူ၍ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက်၍လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်၍ လည်းကောင်း အလေးပြုကြပြီး နှစ်မိနစ်ငြိမ်သက်စွာ မေတ္တာပို့သအမျှပေးဝေကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြပြီး



ဒီးဒုတ်ဦးဘချို၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးဘဝင်း၏ မိသားစုဝင်များကိုယ်စား အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ကော်မတီမှ ကိုယ်စားလှယ်တစ်ဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မန်းဘခိုင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးရာဇတ်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဒီးဒုတ်ဦးဘချို၏မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန်းဘခိုင်၏မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။



ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို ဦးအောင်သန်း၏မြေး ဦးရဲအောင်သန်း လွှမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး ဆုတောင်းမေတ္တာ ပို့သစဉ်။



သခင်မြ၏ မိသားစုဝင်များက လွှမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ မိသားစုဝင်များက လွှမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး ဆုတောင်းမေတ္တာ ပို့သစဉ်။



မန်းဘခိုင်၏ မိသားစုဝင်များက လွှမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး ဆုတောင်းမေတ္တာ ပို့သစဉ်။



ဦးအုန်းမောင်၏ မိသားစုဝင်များက လွှမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး ဆုတောင်းမေတ္တာ ပို့သစဉ်။



ရဲဘော်ကိုထွေး၏ မိသားစုဝင်များက လွှမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

မေတ္တာပို့သ အမျှပေးဝေကြသည်။

ဆက်လက်၍ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ မြန်မာနိုင်ငံ ပိုးကရင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ အရှိုနှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ခရစ်ယာန်ကလျာဏယုဝအသင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ **စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the Republic of the Union of Myanmar U Min Aung Hlaing attends 79th Anniversary Martyrs' Day ceremony and paid tribute to the Martyrs

NAY PYI TAW July 19

The 79th Anniversary Martyrs' Day for 2026 was observed at the Martyrs' Mausoleum in Bahan Township, Yangon this morning. President of the Republic of the Union of Myanmar U Min Aung Hlaing attended the ceremony and paid tribute to the Martyrs.

Also present were Speaker of Pyithu Hluttaw U Khin Yi, Speaker of Amyotha Hluttaw U Aung Lin Dway, Union Chief Justice U Tha Htay, Commander-in-Chief of Defence Services General Ye Win Oo, Chairman of the Central Committee to hold 79th Anniversary Martyrs' Day for 2026 Union Minister for Hotel and Tourism and Culture U Maung Myint, Union Ministers Dr.Chaw Chaw Sein, U Htein Lin, U Ko Ko Lwin, U Khin Maung Soe, Yangon Region Chief Minister U Aung Naing Thu, senior military officers from the Office of the Commander-in-Chief, the Yangon Command commander, deputy ministers, officials, members of the work committees and subcommittees to hold the Martyrs' Day, departmental personnel, families of martyrs and invited guests.

First, the President cordially greeted the family members of martyrs and guests. President U Min Aung Hlaing laid the wreath of the Republic of the Union of Myanmar at the mausoleum and paid tribute to late General Aung San and martyrs together with Speaker U Khin Yi, Speaker U Aung Lin Dway, Chief Justice U Tha Htay, General Ye Win Oo, and Union Minister U Maung Myint.

Meanwhile, the State Flag was lowered to half-mast. The guard of Honour presented arms and military band played the last post.A two-minute silence was also observed and metta was dispensed.

See Page - 21►►



President U Min Aung Hlaing lays the wreath of the Republic of the Union of Myanmar at the Martyrs' Mausoleum.



President U Min Aung Hlaing shakes hands with a family member.



President U Min Aung Hlaing cordially greets a family member.



President U Min Aung Hlaing greets a family member with a warm handshake.



A diplomat of a foreign mission to Myanmar pays tribute to the martyrs.



A diplomat of a foreign mission to Myanmar pays tribute at the Martyrs' Mausoleum.



A diplomat of a foreign mission to Myanmar pays tribute at the Martyrs' Mausoleum.

►► **From Page - 21**


laid wreath and paid tribute.

Later, attendees including monks, students, local populace in procession paid tribute to the martyrs in memory of the gratitude they owed to them.

On this day, Union Flags were flown at half-mast in the entire country and MRTV and Myawady TV played siren sounds at 10.37 am, the time when martyrs were assassinated.

People also visited Bogyoke Museum and the Secretariat today.

**Myawady**



People pay tribute to the martyrs.

# All plantations of kidney bean harvested in Phaungpyin Township

PHAUNGPYIN July 19

Mawlaik District Agriculture Department stated that all plantations of kidney bean were harvested in Phaungpyin Township of Sagaing Region.

During the winter cropping season in Phaungpyin Township, a total of 7,035 acres of kidney beans were cultivated. Harvesting of these crops began in January this year, and as of now, 100 percent of the planted acreage has been harvested, with an average yield of 20.50 baskets per acre, according to reports.

"We were able to cultivate up to 7,035 acres of kidney beans in Phaungpyin Township. At present, all of the cultivated bean fields have been completely harvested. In terms of cultivation, we managed to expand beyond the target acreage. To ensure good yield and quality, we worked in cooperation with farmers by providing necessary quality seeds, inputs, and post-harvest technologies," said Daw Kywe Kywe Hlaing, District Head of the Agriculture Department in Mawlaik District.

In Phaungpyin Township, the Township Department of Agriculture has been carrying out awareness and extension activities to help farmers expand cultivation acreage, improve yields, adopt Good Agricultural Practices (GAP), use high-quality seeds, and grow high-yield crop varieties.

Crops grown using GAP methods are reported to have better quality than those grown with other methods, fetch higher prices, and meet standards for both domestic markets and export markets. As a result, farmers adopting these methods can achieve greater economic benefits.

**SMK**

# Mingin Township plants more than 3,000 acres of summer paddy this year

MINGIN July 19

According to the Township Agriculture Department, local farmers planted 3,575 acres of summer paddy in Mingin Township of Sagaing Region this year.

During the 2025-2026 summer cropping season in Mingin Township, a total of 3,563 acres of summer paddy were targeted for cultivation. Planting began in January this year, and as of today, 3,575 acres have already been planted.

"We set a target of 3,563 acres of summer paddy cultivation for this year's summer season in Mingin Township. As of today, 3,575 acres have been successfully planted. Efforts are being made to fully meet and sustain the target acreage. Farmers growing summer paddy are being provided with agricultural technical guidance, pest prevention awareness, measures to avoid crop losses, and instructions to ensure harvested paddy is transported under shelter in a timely manner," said Daw Hayman Kyaw Win, Head of the Mingin Township Department of Agriculture.

In Mingin Township, support is being provided to summer paddy farmers to improve per-acre yields and achieve target outputs. These include distribution of high-quality seed varieties, dissemination of technical pamphlets, organization of farmer training courses and awareness talks, and ensuring timely access to necessary agricultural inputs.

Farmers are also being urged to make advance preparations—such as following Department of Agriculture guidelines on pest and disease prevention, carrying out soil nutrient management, and collecting quality seeds in advance—in coordination with the Department of Agriculture, so that summer paddy and other crops can be planted on time after the harvest of monsoon paddy.

**SK**

# Vice President Daw Nan Ni Ni Aye returns to Yangon from China

YANGON July 19

Vice President Daw Nan Ni Ni Aye and the Myanmar delegation returned to Yangon on the morning of July 19 after attending the 5th China Xizang Trans-Himalaya Forum for International Cooperation in Nyingchi (Linzhi), Xizang Autonomous Region of the People's Republic of China.

The delegation departed Nyingchi by air on the morning of July 18 and was seen off at Linzhi Airport by Mr. Zhao Peng, Vice Chairman of the People's Government of the Xizang Autonomous Region, and other officials.

Upon their arrival at Yangon International Airport, the Vice President and the delegation were welcomed by Yangon Region Chief Minister U Aung Naing Thu, Yangon Region ministers, the Yangon Region Advocate General, Chinese Ambassador to Myanmar Ms. Ma Jia, and other officials.

**Myawady**




Vice President Daw Nan Ni Ni Aye and the Myanmar delegation are welcomed by officials upon their arrival at Yangon International Airport following their return from China.

# With systematic detonation of another 12-storey building used in online scams/ gambling in Shwe Kokko area, a total of 75 illegal residential buildings demolished

NAY PYI TAW July 19

Illegal buildings in Shwe Kokko and KK Park in Myawady Township in Kayin State used as bases for online scams/gambling are being permanently demolished and paraphernalia used in them is being systematically destroyed by interdepartmental teams and another 12-storey illegal building in Shwe Kokko was systematically detonated today.



Personnel systematically detonate an illegal 12-storey building used in online scams/gambling in Shwe Kokko area in Myawady District in Kayin State.



An illegal 12-storey building used in online scams/gambling in Shwe Kokko area in Myawady District in Kayin State seen after systematic detonation.

Out of 77 buildings used in online scams/gambling in Shwe Kokko area, 57 and 20 were respectively designated to be demolished by machinery and to be detonated based on their types and demolition tasks are systematically being carried out. Today, another 12-storey building out of 20 to be detonated was systematically levelled.

The interdepartmental teams have so far systematically demolished a total of 75 illegal buildings used in committing online scams/gambling and the remaining two illegal buildings will be knocked down systematically.

**100**

# Pwintbyu Township harvests all plantations of chickpea

PWINTBYU July 19

Local farmers have reaped all sown acreage of chickpea in Pwintbyu Township of Magway Region, according to the Township Agriculture Department.

In Pwintbyu Township, a total of 62,120 acres of chickpea were cultivated during the winter cropping season. Harvesting of the chickpea fields began in February this year, and as of today, all acres have been fully harvested, with an average yield of 20.58 baskets per acre.

"During the winter cropping season, 62,120 acres of chickpea were cultivated in Pwintbyu Township. Harvesting of these chickpea fields started in February this year, and at present, 100 percent of the total acreage has been completely harvested. In relation to the harvesting and threshing of the chickpea crop, field inspections and supervision were carried out to ensure that crops were harvested on time so as to prevent yield losses, and that the harvested chickpeas were properly stored and maintained to preserve good quality," said Daw Moe Moe Wai, Head of the Township Department of Agriculture in Pwintbyu Township.

During the 2025 winter cropping season in Pwintbyu Township, the Township Department of Agriculture reportedly provided support and agricultural awareness services to local chickpea farmers, including assistance in expanding cultivated acreage, selecting quality and regionally suitable seed varieties, applying correct cultivation techniques to improve yields, and preventing pest infestations.

If chickpeas can be cultivated with good yields, they will not only be sufficient for local consumption, but the surplus can also be sold, thereby increasing farm income and improving the socio-economic lives of farmers. Therefore, Township Head Daw Moe Moe Wai said that efforts should be made to expand chickpea cultivation in all suitable areas.

**SK**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# For the country to develop, all the people need to unite, work with all their strength, have discipline, and understand the law, says President U Min Aung Hlaing

YANGON July 19

At the 2026 79th Martyrs' Day ceremony held today, President U Min Aung Hlaing attended and paid tribute, solemnly honouring the martyr leaders.

After the ceremony, President U Min Aung Hlaing answered media questions regarding his attendance at today's Martyrs' Day ceremony and matters concerning the country's development and ethnic unity in the present period, as follows:

As a government elected through democratic means and as a national leader, we must solemnly honour and recognize the martyr leaders. That is why I came to attend the highest-level Martyrs' Day ceremony held for the martyr leaders. Other leaders also came with me.

I came united together with everyone to pay tribute to the nation's martyr leaders.

We must always study and cherish how the national leaders, including the martyr leaders led by General Aung San, envisioned and built the country, and how they built a united nation.




President U Min Aung Hlaing responding to media questions.

After gaining independence, everyone needs to be united to become a united nation. Unity alone is not enough; we must work for the country. Discipline is also needed. It is true that there are disciplinary shortcomings in the country. If we work in a disciplined, united manner, and if we work with all our strength, there is no reason the country cannot develop and progress. There is no reason we cannot become a nation that stands shoulder to shoulder with the world. All Myanmar citizens have strength. Let me say that we only need to utilize our own strength and energy.

Ethnic unity is a very important point. Before losing independence, all ethnic groups lived together in unity. After losing independence, ethnic unity was broken down by various divisive acts. Even after regaining independence, ethnic unity was damaged by various divisive acts. We need to rebuild a united Union. If we cannot build it, conflicts will continue. Therefore, unity is very important.

To be united, we need to understand discipline, we need to understand the law. Then, we will work to acquire knowledge and skills, and we will integrate and do this. Therefore, it is extremely important.

For the country to develop, I want to say that all the people in the country need to unite.

**News crew**

---

►► **From Page - 18**

Families of martyrs and representatives then laid wreaths, paid tribute and dispensed metta.

Representatives from Yangon Region government, political parties, heads of foreign missions to Myanmar and Charges d' Affaires of foreign embassies laid wreaths and paid tribute to General Aung San and Martyrs.

Afterward, social organizations including Myanmar Scout Federation, Myanmar Baptist Convention,Myanmar Poe Kayin Baptist Convention, Asho Chin Baptist Conference, Myanmar Publishers and Booksellers Association, Myanmar Press Council, Young Men's Christian Association, Myanmar Medical Association, Young Men's Buddhist Association, Myanmar Women's Affairs Federation, Myanmar Red Cross Society, Myanmar Maternal Child Welfare Association, Myanmar War Veterans Organization, All Myanmar Hindu Central Council, Myanmar National Committee for Women's Affairs,Myanmar Architect Council, Development Promotion Association, Lay Kyun Thu Foundation, Myanmar Thabin Association (Central), Myanmar Journalist Association, Myanmar Women Entrepreneurs Association, Myanmar Engineer Council, Myanmar Writers Association, Myanmar Music Association, Myanmar Motion Picture Association,Full Gospel Assembly Church, Republic of the Union of Myanmar Islamic Religious Affairs Council, Sanatan Dharma Palaka (Hindu) Organization,Myanmar Arts and Crafts Association, Myanmar Muslim National Affairs Organization, Myanmar Muslim Youth Organization, Myanmar Muslim Religious Scholars Organization,Myanmar Consumers Union, Catholic Bishops' Conference of Myanmar,Union of Myanmar Interfaith Dialogue Organization (Central), Myanmar-India International Business Federation,Noble Heart Rescue, Muslim Ulama Organization



A diplomat of a foreign mission to Myanmar pays tribute to the martyrs.



President U Min Aung Hlaing greets a family member with a warm handshake.

**See Page - 19►►**

# Tesla ရဲ့ခြေနင်းမဲ့စက်ဘီးထုတ်လုပ်ပြီးခဏမှာ ပစ္စည်းပြတ်သွား

Tesla က လမ်းလျှောက်ခါစ ကလေးငယ်တွေအတွက် ခြေနင်းမဲ့စက်ဘီးအသေးစားလေးတစ်မျိုးကို မကြာသေးမီကထုတ်လုပ်လိုက်ပါတယ်။ ဒီစက်ဘီးဟာ တခြားခြေနင်းမဲ့စက်ဘီးလိုပဲ ခြေနင်းလည်းမပါ၊



မော်တာလည်းမပါသလို ဘရိတ်လည်းမပါဘဲ ကလေးတွေရဲ့ ခြေထောက်အားနဲ့ပဲသွားရတာပါ။ သူ့ရဲ့ဒီဇိုင်းကကောင်းမွန်ပြီးပေါ့ပါးတဲ့ မဂ္ဂနီဆီယမ်ကိုယ်ထည်နဲ့ ပြုလုပ်ထားပါတယ်။ ဒီစက်ဘီးကို အသက် ၂ နှစ်ကနေ ၅ နှစ်ကြားကလေးတွေအတွက် ဒီဇိုင်းထုတ်ထားတာဖြစ်ပြီး ထိုင်ခုံကိုငါးဆင့်အထိ အနိမ့်အမြင့်ညှိလို့ရပါတယ်။

ဒါပေမဲ့ပြဿနာကတော့ ဈေးနှုန်းဟာ ၂၂၅ ဒေါ်လာဝန်းကျင်အထိ ရှိနေတာပါ။ ဒီလောက်ဈေးကြီးနေပေမယ့်လည်း လက်ရှိမှာတော့ စက်ဘီးရော၊ ဒေါ်လာ ၃၀ တန်တီရှပ်ပါ ပစ္စည်းပြတ်သွားခဲ့ပါပြီ။ သူတို့အနေနဲ့ ပထမအသုတ်မှာ အရေအတွက်ပမာဏဘယ်လောက်ထုတ်ခဲ့လဲဆိုတာမသိရပေမယ့် သတင်းကောင်းကတော့ လာမယ့် ဇူလိုင်လ ၃၁ ရက်နေ့မှာ နောက်ထပ်တစ်သုတ်အတွက် ကြိုတင်အမှာစာတွေကို ပြန်လက်ခံသွားမယ်လို့ သိရပါတယ်။

ပုံမှန်အားဖြင့် ဒီစက်ဘီးတွေက ဒေါ်လာ ၁၀၀ ဝန်းကျင်ပဲရှိတာကြောင့် Tesla ရဲ့ ဈေးနှုန်းက တော်တော်လေးမြင့်နေတာပါ။ Tesla ဟာ လူကြီးတွေအတွက် လျှပ်စစ်စက်ဘီးအစစ်အမှန်ကိုတော့ အန္တရာယ်များတယ်ဆိုပြီး မထုတ်ပေးပါဘူး။ ယခင်ကလည်း ကလေးစီး Cyberquad ATV တွေထုတ်ခဲ့ဖူးပြီး ဘေးကင်းလုံခြုံမှုမရှိလို့ ထုတ်လုပ်မှုရပ်နားခဲ့ရပါတယ်။ **Ref: EA**

**ကိုထက်**

# စိတ်ကူးအတိုင်း စက်ရုပ်များကိုထိန်းချုပ်နိုင်မယ့် နည်းပညာအသစ် တရုတ်ကုမ္ပဏီထုတ်ဖော်



လူသားတွေ တကယ်အလိုရှိတဲ့အတိုင်း စက်ရုပ်တွေကို လုပ်ဆောင်တတ်အောင် သင်ကြားပေးဖို့ဆိုတာ နည်းပညာလောကရဲ့ စိန်ခေါ်မှုကြီးတစ်ခုဖြစ်ပါတယ်။ ယခုအခါ တရုတ်နိုင်ငံရဲ့ ဦးနှောက်နဲ့ ကွန်ပျူတာချိတ်ဆက်မှုနည်းပညာကုမ္ပဏီဖြစ်တဲ့ BrainCo က လူသားတွေရဲ့ စိတ်ကူးနဲ့တင် စက်ရုပ်တွေကို ထိန်းချုပ်နိုင်မယ့် ကမ္ဘာ့ပထမဆုံး "Brain-to-Robot" နည်းပညာကို အောင်မြင်စွာထုတ်ဖော်ပြသလိုက်ပြီဖြစ်ပါတယ်။

ရှန်ဟိုင်းမြို့မှာကျင်းပတဲ့ ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာညီလာခံမှာ ဒီနည်းပညာကို မိတ်ဆက်ခဲ့တာဖြစ်ပြီး အသုံးပြုသူတွေအနေနဲ့ လက်ဟန်ခြေဟန်နဲ့ အသံလှိုင်းတွေမသုံးဘဲ ဦးနှောက်အချက်ပြလှိုင်းတွေနဲ့တင် စက်ရုပ်တွေကို အလွယ်တကူ စေခိုင်းနိုင်မှာပါ။

အခုစနစ်ဟာ ခန္ဓာကိုယ်ထဲကိုချစ်ပြားတွေထည့်စရာမလိုတဲ့နည်းလမ်း အသုံးပြုထားတာပါ။ အသုံးပြုသူတွေဟာ ဦးရေပြားပေါ်ကနေ လျှပ်စစ်လှိုင်းတွေဖမ်းယူပေးနိုင်မယ့် EEG နားကြပ်ကို တပ်ဆင်ထားရုံပါပဲ။ အဲဒီနောက်မှာတော့ AI က လူသားတွေရဲ့ စိတ်ကူးရည်ရွယ်ချက်ကို ဖော်ထုတ်ပြီး စက်ရုပ်တွေဆီ အမိန့်ပေးစေခိုင်းတာဖြစ်ပါတယ်။ လက်တွေ့ပြသမှုမှာလည်း စက်ရုပ်လက်တံတစ်ခုဟာ အသုံးပြုသူရဲ့ စိတ်အာရုံကတစ်ဆင့် ရေခွက်နဲ့ ပန်းသီးတွေကို လှမ်းယူပြနိုင်ခဲ့တာတွေ့ရပါတယ်။ **Ref: IE**

**ကိုထက်**

# လျှပ်စစ်သံလိုက်တိုက်ပွဲစီမံခန့်ခွဲမှုစနစ်ကို အောင်မြင်စွာစမ်းသပ်



အမေရိကန်နိုင်ငံ ဖလော်ရီဒါအခြေစိုက် L3Harris Technologies ကုမ္ပဏီဟာ Shield AI ကုမ္ပဏီရဲ့ စက်ရုပ်မောင်းနှင်မှုဆော့ဝဲဖြစ်တဲ့ Hivemind နဲ့ ပူးပေါင်းပြီး လျှပ်စစ်သံလိုက်တိုက်ပွဲစီမံခန့်ခွဲမှုစနစ်အသစ်ကို ပထမဆုံးအကြိမ် အောင်မြင်စွာ စမ်းသပ်ပြီး လေကြောင်းပျံသန်းမှုကိုလုပ်ဆောင်နိုင်ခဲ့ပါတယ်။


အဲဒီစနစ်ကို "Distributed Spectrum Collaboration and Operations (DiSCO)" လို့အမည်ပေးထားပြီး ကွန်ရက်တစ်ခုတည်းမှာ ချိတ်ဆက်ထားတဲ့ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်မျိုးစုံကနေတစ်ဆင့် ရန်သူရဲ့ ခြိမ်းခြောက်မှုတွေကို အချိန်နဲ့တစ်ပြေးညီ ရှာဖွေဖော်ထုတ်တုံ့ပြန်နိုင်စွမ်းရှိပါတယ်။ အခုစမ်းသပ်မှုကိုတော့ Green Wolf ဒရုန်းသင်္ဘောပေါ်မှာတပ်ဆင်ကာ လက်တွေ့လုပ်ဆောင်ခဲ့တာပါ။

စမ်းသပ်မှုအတွင်းမှာ လူသားတွေရဲ့ ဝင်ရောက်စွက်ဖက်မှုမပါဘဲ ဒရုန်းစနစ်တွေက ရန်သူရဲ့လျှပ်စစ်သံလိုက်အန္တရာယ်ကို ကိုယ်တိုင်ရှာဖွေခွဲခြမ်းစိတ်ဖြာတုံ့ပြန်နိုင်ခဲ့ပါတယ်။ ကွန်ပျူတာစနစ်က အန္တရာယ်ရဲ့အချက်အလက်တွေရယူကာ နောက်ကလိုက်ပါလာမယ့်တခြားဒရုန်းတွေကို ဘေးကင်းတဲ့ နယ်မြေကနေ ဖြတ်သန်းသွားလာနိုင်ဖို့ လမ်းကြောင်းကို အလိုအလျောက်ပြောင်းလဲပေးတာဖြစ်ပါတယ်။ ဒီနည်းပညာက အနာဂတ်မှာ လူမဲ့အီလက်ထရွန်နစ်စစ်ဆင်ရေးတွေအတွက် အရေးပါတဲ့ ခြေလှမ်းအသစ်တစ်ခုဖြစ်လာမယ်လို့ တာဝန်ရှိသူတွေကဆိုပါတယ်။ **Ref: IE**

**ကိုထက်**

# တစ်ရက် ခြေလှမ်း ၃၀၀၀ လျှောက်ရုံနဲ့တင် အယ်ဇိုင်းမားရောဂါကို ကာကွယ်ပေးနိုင်

တစ်ရက်ကို သာမန်လမ်းလျှောက်မှုမျိုး ခပ်မှန်မှန်လုပ်ပေးရုံနဲ့တင် ဦးနှောက်ရဲ့လုပ်ဆောင်ချက်တွေကို ကာကွယ်ပေးနိုင်ပြီး အယ်ဇိုင်းမားရောဂါကိုကာကွယ်ပေးနိုင်ပြီး ရောဂါကြောင့်ဖြစ်လာမယ့် ဦးနှောက်ပြောင်းလဲမှုတွေကို နှေးကွေးသွားစေနိုင်ခေါ်မှုကို ပိုထိခိုက်စေတဲ့ Tau ပရိုတင်းတွေစုပုံလာမှုကိုတော့ နှေးကွေးသွားစေတာတွေ့ရှိရပါတယ်။ လမ်းခပ်မှန်မှန်လျှောက်တဲ့သူတွေဟာ အခြားသူတွေထက် မှတ်ဉာဏ်နဲ့ ခန္ဓာကိုယ်လုပ်ဆောင်ချက်ကျဆင်းမှု ၅၀ ရာခိုင်နှုန်းအထိ သက်သာတာကို



တယ်လို့ သုတေသနအသစ်တစ်ခုကဖော်ပြထားပါတယ်။

အမေရိကန်သုတေသီတွေဟာ အယ်ဇိုင်းမားရောဂါ အစပျိုးနေတဲ့ သက်ကြီးရွယ်အို ၃၀၀ နီးပါးကို ၉ နှစ်ကနေ ၁၁ နှစ်အထိ ခြေလှမ်းတိုင်းကိရိယာတွေတပ်ပြီး စောင့်ကြည့်လေ့လာခဲ့တာပါ။ စိတ်ဝင်စားစရာကောင်းတဲ့တစ်ချက်က လမ်းလျှောက်ခြင်းဟာ ရောဂါဖြစ်စေတဲ့ အဆိပ်အတောက်ချိုးတွေကို လျော့ကျမသွားစေပေမယ့်ရောဂါနောက်ကျမှုဖြစ်တတ်ပြီး မှတ်ဉာဏ်နဲ့ တွေးတွေ့ရပါတယ်။

ဒီကောင်းကျိုးတွေကို တစ်ရက်ကို ခြေလှမ်း ၃၀၀၀ လျှောက်ရုံနဲ့တင်ရရှိနိုင်ပါတယ်။ ခြေလှမ်း ၅၀၀၀ ကနေ ၇၅၀၀ ကြားမှာ ကာကွယ်မှုအကောင်းဆုံးဖြစ်ပြီး အဲဒီထက်ပိုလျှောက်လည်း ထူးခြားပြီးပိုကောင်းမလာတော့ပါဘူး။ ဒါကြောင့် သက်ကြီးရွယ်အိုတွေဟာ တစ်ရက်ကိုခြေလှမ်း ၁၀၀၀၀ ပြည့်အောင် လျှောက်ဖို့မလိုဘူးလို့ သုတေသီတွေကဆိုပါတယ်။ **Ref: STD**

**ကိုထက်**

# ခေါက်သိမ်းမှုစနစ်သစ်ပါဝင်လာနိုင်တဲ့ Huawei Mate XT 2

Huawei က သူတို့ရဲ့ ဒုတိယမြောက် သုံးခေါက်ချိုးစမတ်ဖုန်းဖြစ်တဲ့ Mate XT 2 ကို လာမယ့် အောက်တိုဘာလမှာ မိတ်ဆက်ပေးမယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။ အခုအခါမှာတော့ ဒီဖုန်းရဲ့ မူပိုင်ခွင့်ဒီဇိုင်းပုံရိပ်တွေ ပေါက်ကြားလာပြီး အရင်ဖုန်းတွေနဲ့မတူဘဲ ပုံစံသစ်နဲ့ ထွက်ရှိလာမယ့်အရိပ်အယောင်တွေကို တွေ့မြင်နေရပါပြီ။ နည်းပညာလောကမှာ နာမည်ကြီးတဲ့ သတင်းပေးသူ Ice Universe က X ပေါ်မှာ မျှဝေခဲ့တဲ့ မူပိုင်ခွင့်ပုံတွေအရ Mate XT 2 ဟာ ယခင် Mate XT နဲ့ Mate XTs မော်ဒယ်တွေမှာ သုံးခဲ့တဲ့ Z ပုံစံ ခေါက်ချိုးစနစ်ကို အသုံးမပြုတော့ဘဲ အတွင်းဘက်ကိုပဲ အကုန်လိပ်ဝင်သွားမယ့် အထဲခေါက်ဒီဇိုင်းကို ပြောင်းလဲအသုံးပြုလာနိုင်တယ်လို့ သိရပါတယ်။ ဒီပုံစံဟာ Samsung Galaxy Z Trifold နဲ့ဆင်တူပေမယ့် အလုပ်လုပ်ပုံချင်း



ကွဲပြားပါတယ်။

ပုံစံအသစ်အရဆိုရင် ဖုန်းရဲ့ဘယ်ဘက်အကန့်က အရင်ဆုံးအတွင်းကိုခေါက်ဝင်သွားပြီး ညာဘက်အကန့်ကထပ်ပြီးပိတ်သွားမယ့်ပုံစံဖြစ်ပါတယ်။ အရင်မော်ဒယ်တွေနဲ့မတူဘဲ ကျယ်ပြန့်တဲ့အတွင်းမျက်နှာပြင်သာမက အပြင်ဘက်မှာလည်း သီးသန့် Cover Display တစ်ခု ပါဝင်လာမှာဖြစ်ပြီး ကျောဘက်ကင်မရာကိုလည်း အလယ်ဗဟိုမှာ အဝိုင်းပုံစံဒီဇိုင်းဖော်ထားတာကို တွေ့ရပါတယ်။ **Ref: GA**

**ကိုထက်**

## စစ်သည်များကျဆုံးပြီးနောက် အမေရိကန်က အီရန်ကို လေကြောင်းမှတိုက်ခိုက်

**တီဟီရန်၊ စစ်ရေး**

အမေရိကန်နှင့် အီရန်တို့ကြား အပြန်အလှန် တိုက်ခိုက်မှုများ ပြန်လည်စတင်ပြီးနောက်ပထမဆုံး အဖြစ် အမေရိကန်စစ်သည်များ ကျဆုံးရသည့်အတွက် အီရန်နိုင်ငံကိုအပြစ်ပေးသည့်အနေဖြင့် အမေရိကန်က ဇူလိုင်လ ၁၉ ရက်တွင် အီရန်ကို လေကြောင်းမှတိုက်ခိုက်မှုများပြုလုပ်ကြောင်း သိရသည်။

အီရန်နိုင်ငံကလည်း ချက်ချင်း တုံ့ပြန်သည့်အနေဖြင့် ကူဝိတ်နိုင်ငံရှိ အမေရိကန် စစ်စခန်းနှစ်ခုကို ပစ်မှတ်ထားတိုက်ခိုက်ကြောင်း ထုတ်ပြန်ထားသည်။ ယခုသီတင်းပတ်တွင် တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာပြီး အမေရိကန်၏ တိုက်ခိုက်မှုများတွင် လေဆိပ်၊ မီးရထားဘူတာနှင့် တံတားများပါဝင်ကြောင်း အီရန်ကဆိုသည်။

ပြီးခဲ့သည့် ဇူလိုင်လ ၁၇ ရက်တွင် အီရန်က ဒေသတွင်းရှိ အမေရိကန်စစ်စခန်းများကို တိုက်ခိုက်စဉ် အမေရိကန်စစ်သည်နှစ်ဦး ကျဆုံးသွားကြောင်း အမေရိကန်အလယ်ပိုင်းဒေသစစ်ဌာနချုပ်က အတည်ပြုထားသည်။ ၎င်းအပြင် အခြားစစ်သည်တစ်ဦးမှာလည်း လက်ရှိအချိန်အထိ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု အမေရိကန်ဘက်က ထုတ်ပြန်ထားသည်။

ကမ္ဘာ့ရေနံထောက်ပံ့မှုအတွက် အချက်အချာကျသော ဟော်မုရေလက်ကြားအကျပ်အတည်းများကိုဖြေရှင်းရန် နှစ်ဖက်စလုံးက ကြိုးပမ်းနေစဉ်မှာပင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှာ ပျက်ပြားခဲ့ခြင်းဖြစ်သည်။ **Ref: AGC**

## အိန္ဒိယ၌ ရေကြီးမြေပြိုမှုများကြောင့် လူ ၁၉ ဦးသေဆုံး

**ဆရီနာဂါ၊ သဘာဝဘေး**

အိန္ဒိယနိုင်ငံ၌ ဇူလိုင်လ ၁၉ ရက်တွင် မုတ်သုံမိုး သည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုမှုများဖြစ်ပွားရာ အနည်းဆုံး လူ ၁၉ ဦးသေဆုံးကြောင်း တာဝန်ရှိသူများနှင့် ဒေသတွင်းသတင်းဌာနများက ထုတ်ပြန်ထားသည်။

လက်ရှိတွင် သဘာဝဘေးဒဏ်သင့်ဒေသများ၌ တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ သဘာဝဘေးများကြောင့်နာဂလန်းပြည်နယ်တွင် လူရှစ်ဦးသေဆုံးပြီး အိန္ဒိယပိုင် ဂျမူးနှင့် ကက်ရှမီးယားဒေသတွင် ၁၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

နာဂလန်းဒေသတွင် သေဆုံးသူ ရှစ်ဦးအနက် ရုပ်အလောင်းလေးလောင်းကို ရှာဖွေတွေ့ရှိထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ပြင် ဒဏ်ရာရရှိသူ အနည်းဆုံး ၁၅ ဦးရှိကြောင်း မွန်ခရိုင်တရားသူကြီးက ဒေသတွင်းသတင်းဌာနများသို့ပြောသည်။

ဂျမူးဒေသရှိ ရာဂျိုရီခရိုင်တွင် ဖြစ်ပွားသည့် ရုတ်တရက်ရေကြီးမှုကြောင့် ဘတ်စ်ကားဂိတ်အပါအဝင် အများပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင် အဆောက်အအုံများစွာ ဆိုးဆိုးရွားရွားပျက်စီးပြီး ပြည်သူများ၏ လူနေမှုဘဝများထိခိုက်ရကြောင်း ဂျမူးနှင့်ကက်ရှမီးယားဝန်ကြီးချုပ် အိုမာအဗ္ဗဒူလာကပြောသည်။

ထို့ပြင်ဂျမူးဒေသ၌သဘာဝဘေးများကြောင့် ပျောက်ဆုံးသူများစွာရှိကြောင်း NDTV သတင်းဌာနက ဖော်ပြထားသည်။ သို့ရာတွင် စစ်သည်များနှင့်ပြည်နယ်အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များက ကလေးငယ်ငါးဦးအပါအဝင် လူ ၁၁ ဦးကို ကယ်ဆယ်နိုင်ခဲ့သည်ဟု စစ်ဘက်က ထုတ်ပြန်ထားသည်။

လာမည့်နှစ်ရက်အတွင်း ဂျမူးနှင့်ကက်ရှမီးယားဒေသ၌ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ခြေရှိကြောင်း အိန္ဒိယမိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

**Ref: AGC**



## Air Cambodia လေကြောင်းလိုင်းက တရုတ်ပြည်တွင်းဖြစ် C909 ခရီးသည်တင်လေယာဉ် အစင်း ၂၀ မှာယူ

**ရှန်ဟိုင်း၊ လေကြောင်းလိုင်း**

ကမ္ဘောဒီးယားနိုင်ငံ၏ Air Cambodia လေကြောင်းလိုင်းသည် တရုတ်ပြည်တွင်းဖြစ် C909 အမျိုးအစား ခရီးသည်တင်လေယာဉ် အစင်း၂၀ ဝယ်ယူရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြောင်း တရုတ်၏လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကပြောသည်။

ရှန်ဟိုင်းမြို့၌ရရှိသည့် အဆိုပါသဘောတူညီချက်အရ Air Cambodia လေကြောင်းလိုင်းက တရုတ်နိုင်ငံထုတ် C909 လေယာဉ်များကို အမြောက်အမြား ပထမဆုံးမှာယူသည့် ပြည်ပနိုင်ငံဖြစ်လာသည်။ ထိုလေယာဉ်များအနက် ပထမဆုံးအသုတ်ကို ၂၀၂၆ ခုနှစ် ဒုတိယနှစ်ဝက်တွင် စတင်လွှဲပြောင်းပေးအပ်ရန်လျာထားပြီးလေကြောင်းလိုင်း၏ သယ်ယူပို့ဆောင်ရေးခရီးစဉ်များတွင် စတင်အသုံးပြုပြေးဆွဲသွားမည်ဖြစ်သည်။

ယခုလေယာဉ်အသစ်များသည် Air Cambodia လေကြောင်းလိုင်း၏ ခရီးစဉ်ကွန်ရက်ကိုတိုးချဲ့ရန်၊ သယ်ယူပို့ဆောင်ရေးစွမ်းရည်မြှင့်တင်ရန်နှင့် ကမ္ဘောဒီးယားနိုင်ငံနှင့်ဒေသတွင်းဈေးကွက်များကြား ချိတ်ဆက်မှုကိုပိုမိုခိုင်မာစေရန် အထောက်အကူပြုလိမ့်မည်ဟု လေ့လာသူများက သုံးသပ်ထားသည်။

C909 လေယာဉ်သည် ၂၀၂၃ ခုနှစ် မေလတွင် အင်ဒိုနီးရှားနိုင်ငံ၌ စတင်ပြေးဆွဲပြီးနောက် ပြည်ပဈေးကွက်များသို့တိုးချဲ့ရာ လက်ရှိတွင်ခရီးသည်ပေါင်းတစ်သန်းကျော်ကို သယ်ယူပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

**Ref: Xinhua**

## ဆော်ဒီအာရေဗျအား ယူရေနီယံ သန့်စင်ခွင့်ပြုရန် အမေရိကန်သဘောတူ

**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်ပြည်ထောင်စုသည် ဆော်ဒီအာရေဗျနိုင်ငံအား ကိုယ်ပိုင်နျူကလီးယားအစီအစဉ်လုပ်ဆောင်ခွင့်နှင့် ယူရေနီယံသန့်စင်ခွင့်ပြုရန် သဘောတူကြောင်း သတင်းအရင်းအမြစ်များကို ကိုးကား၍ သတင်းဌာနကြီးတစ်ခုက ဖော်ပြသည်။

ထိုသဘောတူညီချက်မူကြမ်းကိုဆွေးနွေးညှိနှိုင်းမှုများပြီးမြောက်ခဲ့ပြီဖြစ်ပြီး သမ္မတဒေါ်နယ်ထရမ့်၏ အတည်ပြုလက်မှတ်ရေးထိုးမှုကို စောင့်ဆိုင်းနေခြင်းဖြစ်ကြောင်း သတင်းအရင်းအမြစ်များက ပြောထားသည်။

ယခုသဘောတူညီချက်တွင် စစ်ဆေးရေးမှူးများကို နျူကလီးယားအဆောက်အအုံများအတွင်း ပိုမိုကျယ်ပြန့်စွာ ဝင်ရောက်ခွင့်ပြုပြီး ကြေညာထားခြင်းမရှိသည့် နျူကလီးယားလှုပ်ရှားမှုကို ဖော်ထုတ်ရန် ဒီဇိုင်းရေးဆွဲထားသော နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီ၏ နောက်ဆက်တွဲစာချုပ်ကဲ့သို့သော တင်းကျပ်သည့် အကာအကွယ်ပေးမှုများကိုလိုက်နာရန် လိုအပ်မည်မဟုတ်ဟုသိရသည်။

အဆိုပါသဘောတူညီချက်သည် ဆော်ဒီအာရေဗျနိုင်ငံအား ယခင်က အနောက်အုပ်စုနှင့် အီရန်တို့ကြား ဆယ်စုနှစ်ချီ အငြင်းပွားစရာဖြစ်ခဲ့ရသည့်ယူရေနီယံသန့်စင်မှုနည်းပညာကို ပေးစွမ်းစေမည်ဖြစ်သည်။ အမေရိကန်နှင့် အစ္စရေးတို့သည် အီရန်၏ ယူရေနီယံသန့်စင်မှုအစီအစဉ်ကို နျူကလီးယားလက်နက်ထုတ်လုပ်ရန် အသုံးပြုနိုင်ကြောင်း ကာလရှည်ကြာငြင်းခုံပြီး ယခုနှစ်ဆန်းပိုင်းမှာပင် အီရန်၏နျူကလီးယားအခြေခံ အဆောက်အအုံများကို တိုက်ခိုက်ခဲ့ကြောင်းသိရသည်။

**Ref: RT**

## ယူကရိန်း၏ ဒရုန်းထုတ်လုပ်သူများနှင့် ဂျပန်ပူးပေါင်းမှုကို ရုရှားရှုတ်ချ

**မော်စကို၊ စစ်ရေး**

ယူကရိန်းနိုင်ငံ၏ မောင်းသူမဲ့ ဒရုန်းထုတ်လုပ်သူများနှင့် ဂျပန်နိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေခြင်းအပေါ် ရုရှားနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလိုက်ကြောင်းသိရသည်။

ဂျပန်နိုင်ငံအနေဖြင့် ယူကရိန်း၏ စစ်ဘက်ဆိုင်ရာ ဒရုန်းနည်းပညာကဏ္ဍကိုကူညီပံ့ပိုးပေးနေခြင်းသည် ဒေသတွင်းပဋိပက္ခကို ပိုမိုကြီးထွားလာစေရန် လှုံ့ဆော်ရာရောက်ပြီး နှစ်နိုင်ငံဆက်ဆံရေးကိုပါ ထိခိုက်ပျက်ပြားလာစေနိုင်ကြောင်း ရုရှားအစိုးရက သတိပေးထားသည်။

အထူးသဖြင့် ခေတ်မီဒရုန်းနည်းပညာနှင့်ပတ်သက်၍ ဂျပန်နည်းပညာကုမ္ပဏီများနှင့်ယူကရိန်းကာကွယ်ရေးကဏ္ဍတို့ကြား ချိတ်ဆက်ဆောင်ရွက်မှုများ တိုးမြှင့်လာခြင်းကို ရုရှားက စိုးရိမ်မကင်းဖြစ်ကာ စောင့်ကြည့်လျက်ရှိသည်။

ဂျပန်နိုင်ငံသည်ယူကရိန်းပဋိပက္ခစတင်ကတည်းက အနောက်အုပ်စုနိုင်ငံများနှင့်အတူ ရုရှားအပေါ် ပိတ်ဆို့မှုများချမှတ်ခဲ့ပြီး ယူကရိန်းထံသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများအပြင် စစ်ဘက်နှင့်မသက်ဆိုင်သော ထောက်ပံ့ရေးပစ္စည်းများကိုပါ ပေးအပ်ခဲ့သည်။

သို့သော်ယခုကဲ့သို့ ဒရုန်းတီထွင်ထုတ်လုပ်မှုလုပ်ငန်းတွင် ပူးပေါင်းပါဝင်လာခြင်းသည် ရုရှား၏ အမျိုးသားလုံခြုံရေးကို တိုက်ရိုက်ခြိမ်းခြောက်ရာရောက်သည်ဟု ရုရှားအစိုးရကယူဆထားကြောင်း သိရသည်။ **Ref: Xinhua**

## တရုတ်တောင်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမည့် သတိပေးချက်ထုတ်ပြန်

**ပေကျင်း၊ သဘာဝဘေး**

တရုတ်နိုင်ငံတောင်ပိုင်းဒေသအချို့၌ မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်းနှင့် ချုံချင့်မြို့အပါအဝင် ဒေသအချို့၌ ဘူမိဗေဒဆိုင်ရာ သဘာဝဘေးအန္တရာယ်သတိပေးချက်များကို တာဝန်ရှိသူများက ဇူလိုင်လ ၁၉ ရက်တွင် ထုတ်ပြန်လိုက်ကြောင်းသိရသည်။

ချုံချင့်ဒေသတွင်မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မြေပြိုမှုဖြစ်ပွားသည်မှာ နှစ်ရက်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပြီး လက်ရှိအချိန်အထိ လူ ၃၄ ဦး ပျောက်ဆုံးနေဆဲဖြစ်သည်။

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရှန်ဟိုင်း-ကူမင်း ရထားလမ်းပိုင်းရှိ ခရီးသည်တင် ရထားခရီးစဉ်အချို့ကို ယာယီရပ်ဆိုင်းရကြောင်း CCTV သတင်းဌာနက ဖော်ပြထားသည်။



ယူနန်ပြည်နယ်တွင် တရုတ်နိုင်ငံ၏နာမည်ကြီး ကမ္ဘာလှည့်ခရီးသွားနေရာတစ်ခုဖြစ်သော ကျားခုန်လျှိုမြောင်အပါအဝင် အပန်းဖြေစခန်းအချို့ကို ရုံးပိတ်ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ယာယီပိတ်ထားကြောင်းသိရသည်။

**Ref: ST**

## စပိန်၌ တောမီးလောင်မှု ဟက်တာ ၁၂၀၀၀ ကျော်ပျက်စီး

**မက်ဒရစ်၊ သဘာဝဘေး**

စပိန်နိုင်ငံ မက်ဒရစ်မြို့မြောက်ဘက်ပိုင်းဒေသတွင် တောမီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွားရာ လက်ရှိအချိန်အထိ မြေဧရိယာ ဟက်တာ ၁၂၀၀၀ ကျော် မီးလောင်ပြာကျပျက်စီးကြောင်း ဒေသခံတာဝန်ရှိသူများနှင့်ကယ်ဆယ်ရေးအဖွဲ့များက ထုတ်ပြန်ထားသည်။

အလွန်ပြင်းထန်သော အပူလှိုင်းကျရောက်နေမှု၊ ပူပြင်းခြောက်သွေ့သောရာသီဥတုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် တောမီးသည် လျင်မြန်စွာ ကူးစက်လောင်ကျွမ်းခြင်းဖြစ်ပြီး အနီးနားရှိကျေးရွာများမှ ဒေသခံပြည်သူများကိုဘေးကင်းရာသို့ အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရသည်။ ထို့ပြင် မီးသတ်သမားရာပေါင်းများစွာကမီးသတ်လေယာဉ် ရဟတ်ယာဉ်များနှင့်အတူ မီးငြိမ်းသတ်နိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။ **Ref: ST**

# ရေဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ အမှတ်(၅)ခာတ်မြေဩဇာစက်ရုံ စက်လည်ပတ်ထုတ်လုပ်နေမှု ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၉**

ထုတ်လုပ်သည့်ဓာတ်မြေဩဇာများအား ဖြန့်ဖြူးရာတွင် ပြင်ပပေါက်ဈေးထက် နိုင်ငံတော်မှ အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်သည့်အတွက် အသုံးပြုခွင့်ရရှိသည့် တောင်သူလယ်သမားများအတွက် များစွာအကျိုးကျေးဇူးရှိကြောင်း၊ နောင်နှစ်များစွာတိုင်လည်း ယခုထက်ပိုမိုတိုးတက်ထုတ်လုပ်နိုင်သည့် စက်ရုံကြီးအဖြစ် ရပ်တည်နေနိုင်အောင် ဝန်ထမ်းများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ပြောသည်။

ယနေ့နံနက်ပိုင်းတွင်ရေဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၅) ခာတ်မြေဩဇာစက်ရုံ၏ စက်လည်ပတ်ထုတ်လုပ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ယင်းသို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက စက်ရုံကြီးသည် စက်စတင်လည်ပတ်ခဲ့သည့် ၂၀၁၁ ခုနှစ်မှစတင်၍ လက်ရှိအချိန်ထိ ယူရီးယားခာတ်မြေဩဇာတန်ပေါင်း ခုနစ်သိန်းနီးပါး ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်၍ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအတွက် များစွာအကျိုးကျေးဇူးရှိကြောင်း၊ စက်ရုံပုံမှန်လည်ပတ်နိုင်ရေး သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်မီး ပုံမှန်ရရှိရေးသည် အရေးကြီးကြောင်း၊ ဓာတ်အားလိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် နည်းပညာနှင့် စက်ပစ္စည်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းစေလိုကြောင်း ပြောကြားပြီး စက်ရုံရှိ အရာထမ်း၊ အမှုထမ်းများကို အင်အားဖြည့်အစားအစာများ ပေးအပ်သည်။

ယင်းနောက် စက်ရုံ၏ Control Room၊ အရည်အသွေးစစ်ဆေးရေးဌာန၊ စက်လည်ပတ်ထုတ်လုပ်နေမှု အခြေအနေများနှင့် ထုတ်လုပ်ပြီးခာတ်မြေဩဇာများ စနစ်တကျသိုလှောင်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

မြဝတီ

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများ လွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက် နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီ တောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန**

# ယာဉ်မောင်းလိုင်စင်ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းအား Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန် တောင်ပိုင်း)နှင့် ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင်ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် Online စနစ်ဖြင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းအား Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက်(သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါစနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm ၊ www.rtad.gov.mm နှင့် www.myanmarrtad.com Website များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

- ■ ရုံးချုပ်(နေပြည်တော်) - ၀၆၇-၃၄၀၅၀၉၉
- ■ နေပြည်တော်ရုံး - ၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄
- ■ တိုင်းဒေသကြီးရုံး(ရန်ကုန်) - ၀၉-၉၅၄၉၂၁၀၀၀
- ■ တိုင်းဒေသကြီးရုံး(မန္တလေး) - ၀၉-၄၃၀၉၆၉၈၀

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# မော်တော်ယာဉ်ပိုင်ရှင် အမည်ပြောင်းဆောင်ရွက်မှုအပေါ်အခွန်စိစစ်ခြင်းနှင့် ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ အခွန်ထမ်းပြည်သူများအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်သော မော်တော်ယာဉ်များအား လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အမည်ပြောင်းမှတ်ပုံတင်နိုင်ရန် အခွန်စိစစ်သည့်ကိစ္စရပ်များကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၁၆) ရက်နေ့မှစ၍ Vehicle Automatic Valuation System (VAVS) ဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် https://vavs.ird.gov.mm ၌ မိမိ၏ ဖုန်းနံပါတ်ကို အသုံးပြု၍ စနစ်အတွင်းသို့ ဝင်ရောက်ပြီး မော်တော်ယာဉ်အမှတ်နှင့် လိုအပ်သောအချက်အလက်များကို ဖြည့်သွင်းပေးခြင်းဖြင့် စနစ်မှအလိုအလျောက်တန်ဖိုးစိစစ်၍ အခွန်တွက်ချက်ပေးမည်ဖြစ်ပြီး Online Payment ဖြင့် ကျသင့်အခွန်ကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၃။ အခွန်ပေးဆောင်ခြင်းကို VAVS စနစ်နှင့် ချိတ်ဆက်ထားသော IRD’s Tax Payment Hub မှတစ်ဆင့် MPU Debit Card ဖြင့်လည်းကောင်း၊ MMQR Code ကို အသုံးပြု၍ KBZ Pay၊ AYA Pay၊ CB Pay၊ uab Pay၊ A plus Wallet၊ Citizen Pay၊ OK$၊ Wave Money၊ Trusty Pay၊ Zego Pay၊ M-Pitesan၊ GTB Pay၊ MoMoney စသည်တို့ဖြင့်လည်းကောင်း၊ uab Bank ၊ Shwe Bank၊ A Bank တို့၏ Mobile Banking စနစ်များဖြင့်လည်းကောင်း ပေးဆောင်နိုင်ပါသည်။

၄။ အခွန်ပေးဆောင်ပြီးပါက VAVS စနစ်မှ ရရှိသည့် အီလက်ထရောနစ်အခွန်ဆိုင်ရာစိစစ်ဆောင်ရွက်ပြီးကြောင်းထောက်ခံချက် (e-Tax Clearance Certificate) QR Form ကို ကြည်လင်ပြတ်သားစွာထုတ်ယူ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ယာဉ်အမည်ပြောင်းကိစ္စကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၅။ ကနဦးမော်တော်ယာဉ်များ၊ကုမ္ပဏီအမည်ဖြင့်အမည်ပြောင်းမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ဝင်ငွေရလမ်းတင်ပြမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ မူလဆောင်ရွက်သည့်လုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာရုံးများတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက Call Center ဖုန်းနံပါတ် 1515 သို့လည်းကောင်း၊ techsupport. vavs@ird.gov.mm နှင့် callcenter.vavs@ird.gov.mm သို့ အီးမေးလ်ပေးပို့၍လည်းကောင်း၊ အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ(ရန်ကုန်) (၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်) (၀၆၇-၃၄၃၀၅၂၊ ၀၆၇-၃၄၃၀၅၄၄)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) (၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈)၊ အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာဆိုင်ရာ အကူအညီပေးရေးစင်တာ (e-Service Help Desk Center)(၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀၁၉၅၊ ၀၁-၈၃၇၉၀၂၁) နှင့် နီးစပ်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်သွားရောက်၍လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# ဝိုင်းဝန်းကြိုးစား ဝါကဏ္ဍမြင့်မား မြှင့်တင်ကြစို့နိုင်ငံ့စီးပွား

စိုးမိုးဝင်း(စိုက်ပျိုးရေး)

မြန်မာနိုင်ငံတွင် သက္ကရာဇ် ၈၄၄-၈၄၈ မတိုင်မီကပင် ကတ္တီပါကဲ့သို့ နူးညံ့သည့် ဝါချည်ဖြင့် ရက်လုပ်သော အထည်အလိပ် ထွက်ရှိနေသည်။ ၉ ရာစုမတိုင်မီကပင် ဝါဂွမ်းကိုသုံးစွဲနေပြီး ဝါမျိုးစေ့ အာဘိုးရီးယံ (ဝါကြီး၊ ဝါကလေးမျိုး)ကို အိန္ဒိယမှ တင်သွင်းဟန်ရှိသည်။ ၁၉၅၇ ခုနှစ်မှာ ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ဟာဆူတန်ဝါမျိုးများကိုတင်သွင်း၍ စမ်းသပ်စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းသဖြင့် တိုးချဲ့စိုက်ပျိုးခဲ့ကြသည်။ ထိုအချိန်မှစတင်၍ ဝါကို စိုက်ပျိုးလာခဲ့ကြရာ မြန်မာနိုင်ငံအနေဖြင့် ဝါစိုက်ပျိုးထုတ်လုပ်မှု အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် ရေမြေရာသီဥတု အခြေခံကောင်းများကို ပိုင်ဆိုင်ထားကြောင်း သိသာထင်ရှားသည်။ ထို့ပြင် ဝါကြိတ်စက်၊ ဂွမ်းထုတ်စက်၊ ချည်ငင်စက်၊ ရက်ကန်းစက်၊ ဆေးဆိုးပန်းရိုက်စက်၊ အထည်ချုပ်စက် စသည်ဖြင့် ဝတ်ဆင်ရေးအတွက် စက်မှုလုပ်ငန်းများလည်း တည်ရှိပြီးဖြစ်သည်။



မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးသမိုင်းတစ်လျှောက်တွင် ဝါသီးနှံသည် စီးပွားရေးအရ ကျေးလက်လယ်ယာလုပ်ငန်းနှင့် မြို့ပြစက်မှုလုပ်ငန်းများအတွက် အရေးပါသော စက်မှုသီးနှံတစ်မျိုးဖြစ်ခဲ့သည်။ ပြည်တွင်းဝတ်ဆင်မှုဖူလုံရေးနှင့် အထည်အလိပ်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါကဏ္ဍသည် အဓိကမောင်းနှင်အားဖြစ်ခဲ့သည်။ ယနေ့ခေတ်ကာလတွင် မြန်မာ့ဝါကဏ္ဍ တိုးတက်လာရေးအတွက် ကမ္ဘာ့ဈေးကွက်ပြိုင်ဆိုင်မှုများ၊ ရာသီဥတုဖောက်ပြန်မှုများနှင့်အတူ စိန်ခေါ်မှုများစွာရှိနေသည်။ သို့သော်လည်း မြန်မာနိုင်ငံအနေဖြင့် ရေခံမြေခံကောင်းများနှင့် ဝါအခြေခံစက်မှုလုပ်ငန်းများတည်ရှိပြီးဖြစ်သောကြောင့် ဝါနှင့် ဝါတန်ဖိုးမြင့်ထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်သို့တင်ပို့နိုင်ရေးသည်လည်း အခွင့်အလမ်းများရှိနေသည်။ ထို့ကြောင့် ကမ္ဘာတွင် ဝါတင်ပို့ရောင်းချသည့်နိုင်ငံ ဖြစ်လာစေရန် ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့် အဆင့်ဆင့်ပြုပြင်ထုတ်လုပ်မှုတို့ကို ဟန်ချက်ညီညီ မြှင့်တင်နိုင်ရန် ကြိုးစားရပေလိမ့်မည်။

**စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေး**

ဝါစိုက်ပျိုးထုတ်လုပ်ခြင်းသည် မြို့ပြဝါအခြေခံစက်ရုံများအတွက် ကုန်ကြမ်းကိုထုတ်လုပ်ခြင်းဖြစ်သည်။ ကုန်ကြမ်းမရှိလျှင် တန်ဖိုးမြင့်ထုတ်ကုန်ဟုခေါ်သည့် ကုန်ချောများထုတ်လုပ်ရန် မဖြစ်နိုင်ပါ။ ပြည်ပမှကုန်ကြမ်းများကို တင်သွင်းနိုင်သည်ဟုဆိုသော်လည်း နိုင်ငံအတွက် ကုန်ကြမ်းများတင်သွင်းရလျှင် ထွက်ငွေများပေလိမ့်မည်။ ထို့ကြောင့် နိုင်ငံခြားတင်သွင်းကုန်အစားထိုးရန်နှင့် ပြည်တွင်းရှိ မြို့ပြဝါအခြေခံစက်ရုံများအတွက် ကုန်ကြမ်းကိုထုတ်လုပ်ပေးရန် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းသည် အခြေခံအုတ်မြစ်ဖြစ်ပြီး ဝါကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမဆုံးခြေလှမ်းလည်းဖြစ်သည်။

ဝါစိုက်ပျိုးထုတ်လုပ်မှုတွင် အဓိကအရေးကြီးသောအချက်များမှာ တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် စိုက်ပျိုးစရိတ်သက်သာရေးတို့ပင်ဖြစ်သည်။ ယနေ့ခေတ်စားနေသော ကုန်ကျစရိတ်နည်းပြီး အထွက်နှုန်းကောင်းခြင်းနည်းလမ်း၊ တစ်နည်းအားဖြင့် အရင်းနည်းနည်း အမြတ်များများရသော စိုက်ပျိုးရေးနည်းပညာဖြစ်သည်။ ထို့ကြောင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးနည်းလမ်းများနှင့် စိုက်ပျိုးစရိတ်သက်သာရေးနည်းလမ်းများသည် ဝါစိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးနှင့် ဝါစိုက်တောင်သူများအကျိုးအမြတ်များများ ရရှိစေရေးအတွက် အလွန်လိုအပ်လှပေသည်။

ထို့ပြင် ဝါစိုက်ပျိုးထုတ်လုပ်မှုမြင့်မားစေရန် မျိုးကောင်းမျိုးသန့်ရရှိရေး၊ ရေကို အကျိုးရှိစွာအသုံးပြုရေးနှင့် လုပ်သားရှားပါးမှုကို ဖြေရှင်းပေးရေးတို့သည်လည်း အလွန်အရေးကြီးသည်။ မျိုးကောင်းမျိုးသန့်အသုံးပြုနိုင်လျှင် အထွက်နှုန်း ၂၀-၃၀ ရာခိုင်နှုန်းအထိ တိုးထွက်နိုင်သကဲ့သို့ အပင်ပေါက်ညီညာခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိခြင်း၊ အရည်အသွေးကောင်းမွန်ခြင်း၊ ဈေးကွက်တွင် ဈေးကောင်းရရှိခြင်း စသောအကျိုးကျေးဇူးများလည်း ရရှိနိုင်သည်။ ရေကို စနစ်တကျစီမံခန့်ခွဲရာတွင် အစက်ချရေသွင်းစနစ်သည် ရေချွေတာနိုင်ခြင်း၊ မြေဩဇာစနစ်တကျကျွေးနိုင်ခြင်း၊ ပေါင်းပင်ပေါက်ရောက်မှုနည်းခြင်း၊ ပိုးမွှားနှင့်ရောဂါကျရောက်မှုနည်းခြင်း၊ အပင်ကြီးထွားမှုညီညာပြီး အထွက်နှုန်းတိုးခြင်း၊ လုပ်သားဦးရေလျှော့ချနိုင်ပြီး ကုန်ကျစရိတ်သက်သာခြင်း စသောအကျိုးကျေးဇူးများကို ရရှိနိုင်သည်။ လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းပေးနိုင်ရန် လက်ကိုင်ဝါကောက်စက်များကို အသုံးပြုနိုင်သည်။ လက်ကိုင်ဝါကောက်စက်များသည်လုပ်ငန်းတွင်ကျယ်ပြီး အချိန်ကုန်သက်သာခြင်း၊ ဝါကောက်ကုန်ကျစရိတ်ကို ၁၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ခြင်း၊ ဝါကောက်ရာတွင်သန့်ရှင်းမှုရှိပြီး လေလွင့်မှုနည်းသဖြင့် ဝါဂွမ်းအရည်အသွေးကောင်းမွန်ခြင်း စသောအကျိုးကျေးဇူးများကို ရရှိနိုင်သည်။

စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးအတွက် တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် စိုက်ပျိုးစရိတ်သက်သာရေးတို့သည်အရေးကြီးသောအချက်များဖြစ်ပြီး လက်ရှိတောင်သူများရင်ဆိုင်နေရသော အခက်အခဲများ၊ ပြဿနာများကို ဖြေရှင်းပေးနိုင်လျှင် ပန်းတိုင်ကိုမုချကျေနပ်လှမ်းကိုင်နိုင်မည်ဖြစ်သည်။

**အဆင့်ဆင့်ပြုပြင်ထုတ်လုပ်မှု အဆင့်မြှင့်တင်ရေး**

ဝါစိုက်ပျိုးထုတ်လုပ်မှုမှ ထွက်ရှိလာသော ဝါဂွမ်းကို ကုန်ကြမ်းအတိုင်း ပြည်ပကိုတင်ပို့ခြင်း သို့မဟုတ် တန်ဖိုးနည်းနည်းဖြင့် ရောင်းချခြင်းတို့သည် နိုင်ငံ့စီးပွားမြင့်မားရေးနှင့် တောင်သူများအကျိုးအမြတ်မြင့်မားရေးတို့အတွက် နစ်နာဆုံးရှုံးမှုတစ်ခုဖြစ်သည်။ ထို့ကြောင့် ဝါဂွမ်းကို အဆင့်ဆင့်ပြုပြင်ထုတ်လုပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ အဖြစ်သာ တင်ပို့ခြင်း၊ ရောင်းချခြင်းကို မဖြစ်မနေပြုလုပ်ရပေမည်။ ဝါဂွမ်းကို အဆင့်ဆင့်ပြုပြင်ထုတ်လုပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲရန်အတွက် ဝါအခြေခံစက်ရုံများ ခေတ်မီဆန်းသစ်လာရေးသည် အဓိကသော့ချက်ဖြစ်သည်။

ဝါကြိတ်စက်များ ဟောင်းနွမ်းနေလျှင် ဝါဂွမ်းမျှင်နှင့် ဝါစေ့ခွဲခြားရာတွင် ဝါဂွမ်းမျှင်များ ပြတ်တောက်ပျက်စီးပြီး အရည်အသွေး ကျဆင်းတတ်သည်။ ခေတ်မီဝါကြိတ်စက်များသည် ဝါမျှင်အရည်အသွေးမပျက်စီးစေဘဲ အမှိုက်သန့်စင်သော ဝါဂွမ်းအဆင့်အတန်းမျိုးကိုရရှိအောင် ဆောင်ရွက်နိုင်သည်။ ချည်မျှင်နှင့် အထည်စက်ရုံများသည်လည်း ပြည်တွင်းမှထွက်သော ဝါဂွမ်းကို ပြည်တွင်းမှာပင် ချည်မျှင်ငင်၊ အထည်ရက်လုပ်ပြီး အရည်အသွေးမြင့် ကုန်ချောအထိ ထုတ်လုပ်နိုင်ရမည်။ သို့မှသာ ဝါဂွမ်း၊ ချည်မျှင်၊ အထည်စ ဟူသော ဝါအခြေခံစက်မှုလုပ်ငန်းကွင်းဆက်တစ်ခုလုံးကို ပြည်တွင်းမှာပင် ပြည့်စုံခိုင်မာစွာတည်ဆောက်နိုင်မည်ဖြစ်သည်။

**စွန့်ပစ်ပစ္စည်းမဲ့ တန်ဖိုးမြှင့်စီးပွားရေးလုပ်ငန်း**

ဝါပင်သည် ဝါဂွမ်းတစ်ခုတည်းသာ အသုံးဝင်သည်မဟုတ်ပေ။ တစ်ပင်လုံး အသုံးချတတ်ပါက အသုံးဝင်ပြီး ဝင်ငွေလမ်းကြောင်းလေးငါးခုပင် ဖြစ်လာနိုင်သည်။ ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အဓိကထွက်ကုန်ဖြစ်သောဝါဂွမ်းကို အထည်စက်ရုံများသို့ရောင်းချနိုင်သည်။ ဝါဂွမ်းမျှင်နှင့်ဝါစေ့တို့ကိုခွဲခြားပြီး ဝါစေ့ကိုကြိတ်ကာ အဆင့်မြင့်ဝါစေ့ဆီ ထုတ်လုပ်နိုင်သည်။ ဆီညှစ်ဖတ်ကို နွားစာ၊ တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သည်။ ဝါပင်၏အရွက်များကို မီးမရှို့ဘဲ မြေဆွေးပြုလုပ်ပြီး စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုနိုင်သည်။ ဝါပင်စည်နှင့်ဝါရိုးများကို အမှုန့်ကြိတ်ပြီး မှိုစိုက်ပျိုးလွှာပြုလုပ်နိုင်ခြင်း သို့မဟုတ် စက္ကူ၊ ပါကေးဘုတ်ပြားထုတ်လုပ်သော စက်ရုံများသို့ ကုန်ကြမ်းအဖြစ် ပြန်လည်ရောင်းချနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ထို့ကြောင့် ဝါသီးနှံသည် ဝါစိုက်တောင်သူများ၊ ဝါအခြေခံစက်မှုလုပ်ငန်းရှင်များအားလုံး၏ အရေးကြီးသော သီးနှံဖြစ်သောကြောင့် ဝါကဏ္ဍတိုးတက်ရေးအတွက် စွန့်ပစ်ပစ္စည်းမရှိသော တန်ဖိုးမြှင့်စီးပွားရေးလုပ်ငန်းပုံစံကို ဖော်ဆောင်သင့်သည်။



**ဝါတန်ဖိုးမြှင့်ထုတ်ကုန်များ**

ဝါသီးနှံမှထွက်ရှိလာသည့် ကုန်ကြမ်းများကို နည်းပညာနှင့်စက်ကိရိယာများ အသုံးပြုကာ အဆင့်ဆင့်ပြုပြင်ထုတ်လုပ်ထားသည့် ဝါတန်ဖိုးမြှင့်ထုတ်ကုန်များမှာ အလွန်ကျယ်ပြန့်ပြီး များပြားစွာရှိသည်။ အထည်အလိပ်နှင့် ဖက်ရှင်ကဏ္ဍသည် ဝါဂွမ်း၏အဓိကအကျဆုံး တန်ဖိုးမြှင့်ကဏ္ဍဖြစ်သည်။ ရိုးရိုးဝါဖတ်မှ အဆင့်မြင့်ချည်မျှင်များ၊ အထည်အလိပ်မျိုးစုံ၊ အဝတ်အထည်နှင့် အသုံးအဆောင်များကို ထုတ်လုပ်နိုင်သည်။

ဝါဂွမ်းသည် သဘာဝအတိုင်း ပိုးမွှားဒဏ်ခံနိုင်ပြီး အစိုဓာတ်စုပ်ယူမှုကောင်းမွန်သောကြောင့် ဆေးဘက်ဆိုင်ရာနှင့်တစ်ကိုယ်ရေသန့်ရှင်းမှုကဏ္ဍတွင် တန်ဖိုးမြှင့်ပစ္စည်းများပြုလုပ်ကြသည်။ ဆေးဘက်ဆိုင်ရာသန့်စင်ဂွမ်း၊ ကလေးသုံးပစ္စည်းများ၊ အမျိုးသမီးသုံးတစ်ကိုယ်ရေသန့်ရှင်းမှုပစ္စည်းများသည် ဝါဂွမ်းဖြင့် ပြုလုပ်ထားသော ပစ္စည်းများဖြစ်သည်။

ဝါစေ့မှထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများမှာ ဝါစေ့ဆီ၊ ဝါစေ့ဖတ်၊ ဝါစေ့ခွံတို့ဖြစ်သည်။ ဝါစေ့ဆီကို စားအုန်းဆီအစားထိုး ဟင်းချက်ဆီ၊ အလှကုန်ပစ္စည်းနှင့် ဆပ်ပြာများတွင် အသုံးပြုသည်။ ဝါစေ့ဖတ်ကို ပရိုတင်းဓာတ်ကြွယ်ဝသဖြင့် နွားစာ၊ ငါးစာနှင့် တိရစ္ဆာန်အစာတောင့်များ ပြုလုပ်ကြသည်။ ဝါစေ့ခွံကို စိုက်ပျိုးရေးသုံး သဘာဝမြေဩဇာနှင့် မှိုစိုက်ပျိုးရန်ကုန်ကြမ်းအဖြစ် အသုံးပြုကြသည်။

စက်မှုနှင့်အခြားလူသုံးကုန်ပစ္စည်းများအနေဖြင့် ဝါဂွမ်းမျှင်တိုများမှ အဆင့်မြင့်အဖိုးတန်စက္ကူနှင့်ငွေစက္ကူများ ထုတ်လုပ်နိုင်သည်။ တာပေါ်လင်အမိုးများ၊ စစ်ဘက်သုံးနှင့် အပန်းဖြေသုံးတဲများ၊ ကုန်တင်သင်္ဘောသုံးကြိုးများနှင့် ငါးဖမ်းပိုက်များကိုလည်း ထုတ်လုပ်နိုင်သည်။

**စုပေါင်းလုပ်အား စွမ်းပကား**

ဝါသီးနှံကဏ္ဍ မြင့်မားရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုနှင့် အဆင့်ဆင့်ပြုပြင်ထုတ်လုပ်မှု အပိုင်းနှစ်ပိုင်းစလုံးကို ဟန်ချက်ညီညီမြှင့်တင်နိုင်ရန် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် မဆောင်ရွက်နိုင်ပေ။ ဝါစိုက်ပျိုးထုတ်လုပ်မှုတွင်ပါဝင်သော ဝါစိုက်တောင်သူများ၏ ကြိုးပမ်းအားထုတ်မှု၊ ဝါအခြေခံ စက်မှုလုပ်ငန်းများတွင် ပါဝင်သော ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းစွမ်းတမံဆောင်ရွက်မှု၊ ဌာနဆိုင်ရာများ၏ နည်းပညာ၊ အသိပညာ ကူညီပံ့ပိုးပေးခြင်းနှင့် အခက်အခဲ၊ ပြဿနာများကို လျင်မြန်စွာဖြေရှင်းဆောင်ရွက်ပေးမှုတို့သည် အလွန်အရေးကြီးလှပေသည်။ အင်အားစုအားလုံး၏

**စာမျက်နှာ ၂၆ သို့** ❐

**✣ မြန်မာနိုင်ငံ၏ ဝါသီးနှံကဏ္ဍတိုးတက်မြင့်မားလာခြင်းသည် ဝါစိုက်တောင်သူများ၏ လူမှုစီးပွားဘဝကိုမြှင့်တင်ပေးရုံသာမက ပြည်တွင်းရှိအထည်အလိပ်လုပ်ငန်းများအပါအဝင် ဝါအခြေခံစက်မှုလုပ်ငန်းများကို အားကောင်းစေပြီး နိုင်ငံတော်အတွက် သွင်းကုန်အစားထိုးခြင်းနှင့် နိုင်ငံခြားဝင်ငွေရှာဖွေပေးခြင်းတို့ဖြင့် နိုင်ငံ့စီးပွားကိုလည်း မြင့်မားလာစေရန် များစွာအထောက်အကူပြုနိုင်...**

❒ **စာမျက်နှာ ၂၅ မှအဆက်**

စုပေါင်းလုပ်အားဖြင့် ဝိုင်းဝန်းပူးပေါင်းမှသာ အောင်မြင်မှုသရဖူကို ရရှိနိုင်ပေမည်။

ဝါစိုက်တောင်သူများအနေဖြင့် သမားရိုးကျဝါစိုက်ပျိုးနည်းစနစ်များမှ ရုန်းထွက်ပြီး ခေတ်မီနည်းပညာများကို လေ့လာဆည်းပူးကာ အရည်အသွေးမြင့် ဝါဂွမ်းများ ထုတ်လုပ်နိုင်အောင် ကြိုးစားဆောင်ရွက်ကြရမည်။ ပုဂ္ဂလိကကဏ္ဍနှင့်စက်ရုံပိုင်ရှင် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် တောင်သူများ ဝါသီးနှံကိုရေရှည်စိုက်ပျိုးနိုင်စေရန် အာမခံချက်ရှိသော ဈေးကွက်နှင့် ကန်ထရိုက်စနစ်ကို ပွင့်လင်းမြင်သာစွာ တည်ဆောက်ပြီး ခေတ်မီစက်ကိရိယာများတပ်ဆင်ခြင်းတွင် ရင်းနှီးမြှုပ်နှံရပေလိမ့်မည်။

ဌာနဆိုင်ရာများနှင့် ဝါသီးနှံသုတေသနပညာရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ မြေဆီလွှာ၊ ရေ၊ ရာသီဥတု အခြေအနေများနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရှာဖွေပေးခြင်း၊ စိုက်ပျိုးနည်းစနစ်သစ်များဖော်ထုတ်ပေးခြင်း၊ သင်တန်းပေးခြင်းနှင့် နည်းပညာဖြန့်ဝေခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးပြီး တွေ့ကြုံရသော အခက်အခဲနှင့်ပြဿနာများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းကူညီ ဆောင်ရွက်ပေးရမည်ဖြစ်သည်။

ဝါကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ပတ်သက်သူများအားလုံး၏ စုပေါင်းလုပ်အား စွမ်းပကားဖြင့်သာ ဆောင်ရွက်နိုင်ပေလိမ့်မည်။ မြန်မာနိုင်ငံ၏ ဝါသီးနှံကဏ္ဍ တိုးတက်မြင့်မားလာခြင်းသည် ဝါစိုက်တောင်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရုံသာမက ပြည်တွင်းရှိအထည်အလိပ်လုပ်ငန်းများအပါအဝင် ဝါအခြေခံစက်မှုလုပ်ငန်းများကို အားကောင်းစေပြီး နိုင်ငံတော်အတွက် သွင်းကုန်အစားထိုးခြင်းနှင့် နိုင်ငံခြားဝင်ငွေရှာဖွေပေးခြင်းတို့ဖြင့် နိုင်ငံ့စီးပွားကိုလည်း မြင့်မားလာစေရန် များစွာအထောက်အကူပြုနိုင်သည်။ ထို့ကြောင့် ဝါစိုက်ပျိုးသည့် ကျေးလက်ဒေသ လယ်ယာစီးပွားရေးလုပ်ငန်းမှသည် ဝါတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်သော မြို့ပြစက်ရုံများဆီအထိ တန်ဖိုးကွင်းဆက်တစ်ခုလုံးကို ဟန်ချက်ညီညီ အဆင့်မြှင့်တင်ပြီး ရေရှည်တည်တံ့စွာ စိုက်ပျိုးလည်ပတ်နိုင်စေရန်အတွက် စိုက်ပျိုးရေးပညာရှင်များ၊ သုတေသနပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တောင်သူများအပါအဝင် အားလုံးဝိုင်းဝန်းကြိုးစားကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**ကျမ်းကိုး**

ဒေါက်တာချစ် (၂၀၀၇)၊ ကျေးလက်စီးပွားပြည်သူ့အင်အားစာအုပ်

# အမြို့မြို့အနယ်နယ်၌ (၇၉)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပ

## အုတ်တွင်း

၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် ကျရောက်သည့် (၇၉) နှစ်မြောက် အာဇာနည်နေ့ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်မီးသတ်စခန်း၊ ကျွဲပွဲနယ်မြေမီးသတ်စခန်းနှင့် ဖောဓိကုန်းအမြန်လမ်းနယ်မြေ မီးသတ်စခန်းရှိ မီးသတ်တပ်ဖွဲ့ဝင်များက ဇူလိုင်လ ၁၉ ရက် နံနက်ပိုင်းတွင် ဥသြဆွဲခြင်းနှင့် အလေးပြုခြင်းများကို တစ်ပြိုင်တည်း ပြုလုပ်ဆောင်ရွက်ခဲ့သည်။



အာဇာနည်နေ့ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်မြင့်၏ ကြီးကြပ်မှုဖြင့် အုတ်တွင်းမြို့နယ်မီးသတ်စခန်း၊ ကျွဲပွဲနယ်မြေမီးသတ်စခန်းနှင့် ဖောဓိကုန်းနယ်မြေ မီးသတ်စခန်းအသီးသီးရှိ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုတစ်မိနစ်ငြိမ်သက်ခြင်းနှင့် မီးသတ်ကားဖြင့် ဥသြဆွဲခြင်းများကို နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဆောင်ရွက်ခဲ့ကြပြီး လမ်းသွားလမ်းလာပြည်သူများကလည်း ရောက်ရှိသည့်နေရာ၌ ရပ်တန့်အလေးပြုခဲ့ကြသည်။

ထိုကဲ့သို့အာဇာနည်နေ့ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် ဥသြဆွဲခြင်း၊ အလေးပြုခြင်းများ ဆောင်ရွက်ခြင်းအပြင် မြို့နယ်အတွင်းရှိ အစိုးရဌာနဆိုင်ရာ ရုံးဌာနများတွင်လည်း နိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူခြင်းတို့ကိုလည်းဆောင်ရွက်ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**




## ဆိပ်ဖြူ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်မီးသတ်စခန်း၌(၇၉)နှစ်မြောက်အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူခြင်းနှင့် ဥသြဆွဲအလေးပြုခြင်းကို ဇူလိုင်လ ၁၉ ရက် နံနက်ပိုင်းတွင်ဆောင်ရွက်သည်။

နိုင်ငံတော်လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အောက်မေ့သတိရလွမ်းဆွတ်ခြင်းအထိမ်းအမှတ်အဖြစ် (၇၉)နှစ်မြောက် အာဇာနည်နေ့တွင် မြို့နယ်အဆင့်ဌာနဆိုင်ရာရုံးများ၊ ကျောင်းများနှင့် လွတ်လပ်ရေးပန်းခြံတို့၌ နိုင်ငံတော်အလံကို တိုင်ဝက်လျှော့ချခြင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြို့နယ်မီးသတ်တပ်ဖွဲ့ရုံးမှ တပ်ဖွဲ့ဝင်များကမီးသတ်ယာဉ်များ ဥသြဆွဲအလေးပြုခြင်း၊ လမ်းမပေါ်ရှိယာဉ်များရပ်တန့်၍ ဟွန်းတီးကာ ငြိမ်သက်စွာအလေးပြုခြင်းတို့ကို ဆောင်ရွက်ကြကြောင်းသိရသည်။

**ကိုဇွဲ (အညာမြေ)**

## စဥ့်ကိုင်

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်၌ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် ကျရောက်သည့် (၇၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် သက်ဆိုင်ရာရုံးဌာနများတွင် နိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူခြင်း၊ မီးငြိမ်းသတ်ယာဉ်များအသုံးပြု၍ ဥသြဆွဲခြင်း၊ လမ်းပေါ်တွင်သွားလာနေသော ယာဉ်များရပ်တန့်ကာ ဟွန်းတီးခြင်းတို့ကို ဇူလိုင်လ ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဆောင်ရွက်သည်။

အာဇာနည်နေ့ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် မြို့နယ်မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များက ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများကို အလေးပြုကာ တစ်မိနစ်ငြိမ်သက်ခြင်း၊ မီးသတ်မော်တော်ယာဉ်များဖြင့် ဥသြဆွဲခြင်းတို့ဆောင်ရွက်ကြပြီး လမ်းမပေါ်တွင်သွားလာနေသော မော်တော်ယာဉ်များကလည်း ရောက်ရှိသည့်နေရာတွင် ခေတ္တရပ်တန့်၍အလေးပြုကြသည်။

ထို့ပြင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၌လည်း (၇၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူခြင်းတို့ ဆောင်ရွက်ကြောင်း သိရသည်။

**ကျော်စွာ(စဥ့်ကိုင်)**

## မင်းလှ

(၇၉)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် ဥသြဆွဲအလေးပြုခြင်းအစီအစဉ်ကို ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ဇူလိုင်လ ၁၉ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှဦးစီး၍ နယ်မြေစခန်းများနှင့် တစ်ပြိုင်တည်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းနိုင်ဦး၏ ဦးဆောင်မှုဖြင့် မြို့နယ်သန္ဓေမီးသတ်၊ မြို့နယ်အရန်မီးသတ်စခန်း၊ စစ်ကွင်းနယ်မြေမီးသတ်စခန်း၊ စိန်ကန့်လန့်နယ်မြေမီးသတ်စခန်းတို့၌ တစ်ပြိုင်တည်း နံနက်၁၀ နာရီ၃၇ မိနစ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများအား ဝမ်းနည်းခြင်းအထိမ်းအမှတ် အလေးပြုခြင်း၊ တစ်မိနစ်ငြိမ်သက်ခြင်းများဆောင်ရွက်သည်။

ထို့ပြင် မြို့နယ်အတွင်းရှိ အစိုးရဌာနဆိုင်ရာရုံးများ၌လည်း ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် နိုင်ငံတော်အလံကိုတိုင်ဝက်လွှင့်ထူခြင်း တို့ကိုဆောင်ရွက်ကြောင်းသိရသည်။

**ပေါက်စ(မင်းလှ)**



# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင် ၁၂ ထပ်အဆောက်အအုံ ၁ လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၅ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု။




ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ် နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင်(၁၂)ထပ်အဆောက်အအုံ

မဖြိုဖျက်မီ



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ် နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင်(၁၂)ထပ်အဆောက်အအုံ

ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေပုံ



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ် နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင်(၁၂)ထပ်အဆောက်အအုံ

ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေပုံ



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ် နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင်(၁၂)ထပ်အဆောက်အအုံ

ဖြိုဖျက်ပြီးပုံ





**နေပြည်တော် ဇူလိုင် ၁၉**


အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင်အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၂ ထပ်အဆောက်အအုံ ၁ လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့်အဆောက်အအုံ ၂၀ လုံးအနက် ၁၂ ထပ် အဆောက်အအုံ ၁ လုံးကို စနစ်တကျ ထပ်မံဖြိုချ ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ အနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်တရားမဝင်အဆောက်အအုံ စုစုပေါင်း ၇၅ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၂ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)




● **ကျောဖုံးမှအဆက်**

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။(မိုး/ဇလ)

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ တတိယလုပွဲတွင် အင်္ဂလန်အသင်းက ပြင်သစ်အသင်းကိုအနိုင်ရရှိ

စည်သူအောင်



| ပွဲအချက်အလက် | ပြင်သစ် | အင်္ဂလန် |
|---|---|---|
| ဘောလုံးပိုင်ဆိုင်မှု | ၄၆% | ၅၄% |
| ဂိုးကန်သွင်းမှုပေါင်း | (၁၉)ကြိမ် | (၁၉)ကြိမ် |
| ဂိုးပေါက်တည့် | (၉)ကြိမ် | (၁၁)ကြိမ် |
| အဝါကတ် | မရှိ | မရှိ |
| အနီကတ် | မရှိ | မရှိ |
| ထောင့်ကန်ဘော | (၃)ကြိမ် | (၄)ကြိမ် |
| ပြစ်ဒဏ်ဘော | (၁၄)ကြိမ် | (၈)ကြိမ် |
| ပြိုင်ဘက်ဂိုးဧရိယာ အတွင်းထိတွေ့မှု | (၅၃)ကြိမ် | (၃၃)ကြိမ် |

အဆိုပါတတိယလုပွဲတွင် ရလဒ်အတွက်အရေးမပါသည့်ပွဲစဉ်ဖြစ်သည့်အတွက် အဓိက ကစားသမားတချို့အနားပေးခဲ့ပြီး အရန်ကစားသမားအများစုပါဝင်လာခဲ့ကာ ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများရှိခဲ့သော်လည်း အင်္ဂလန်အသင်းက ထိရောက်သည့်တိုက်စစ်ဆင်မှုများပြုလုပ်နိုင်ခဲ့ကာ ပွဲချိန် ၃ မိနစ်တွင် ဒီကလန်ရိုက်စ်၊ ပွဲချိန် ၁၈ မိနစ်တွင် ကွန်ဆာ၊ ပွဲချိန် ၃၇ မိနစ်နှင့် ၄၅ မိနစ်အပြီး အချိန်ပို ၁ မိနစ်တွင် ဆာကာတို့၏သွင်းဂိုးများနှင့်အတူ ၄ ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ပြင်သစ်အသင်းကလည်း ပြန်လည်ဖိအားပေးကစားနိုင်ခဲ့ကာ ရှေ့ဖိနပ်ဆုအတွက် သွင်းဂိုးများ လိုအပ်နေသည့် အမ်ဘတ်ပီက ပွဲချိန် ၄၈ မိနစ်နှင့် ၆၆ မိနစ်၊ ပွဲချိန် ၅၄ မိနစ်တွင် ဘာကိုလာနှင့် ပွဲချိန် မိနစ် ၉၀ အပြီး အချိန်ပို ၆ မိနစ်တွင် ဒမ်ဘီလီတို့က ပြင်သစ်အသင်းအတွက် ချေပဂိုးများသွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၈၇ မိနစ်တွင် ဆာကာက ပယ်နယ်တီမှတစ်ဆင့် အင်္ဂလန်အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့ကာ ပွဲချိန် မိနစ် ၉၀ အပြီး အချိန်ပို ၈ မိနစ်တွင် လူစားဝင်ကစားသမား ဘယ်လင်ဟမ်က အင်္ဂလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့၍ ပွဲပြီးဆုံးချိန်တွင် အင်္ဂလန်အသင်းက ၆ ဂိုး-၄ ဂိုးဖြင့်အနိုင်ရရှိပြီး တတိယဆုရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပြင်သစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် အမ်ဘတ်ပီသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး ၁၀ ဂိုးရှိလာပြီး ပြိုင်ပွဲ၏ သွင်းဂိုးအများဆုံးကစားသမားဆုဖြစ်သည့် ရွှေဖိနပ်ဆုအတွက် ပိုမိုနီးစပ်လာခဲ့သည်။ အင်္ဂလန်အသင်းအတွက် ဟက်ထရစ်သွင်းဂိုးသွင်းယူပေးနိုင်ခဲ့သည့် ဆာကာသည်လည်း ပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းမှ မက်ဆီ၊ ပြင်သစ်အသင်းမှ ဒမ်ဘီလီတို့ပြီးလျှင် တတိယမြောက် ဟက်ထရစ်သွင်းဂိုးရှင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

အလားတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ်အသင်းနှင့်အတူ ဂိုးဖန်တီးမှုခုနစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည့် အိုလီဆီသည်လည်း လေးကြိမ်ဖြင့်ရပ်တည်နေသည့် မက်ဆီကိုကျော်ဖြတ်ပြီး ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

# ချယ်လ်ဆီးအသင်းက အက်စ်တွန်ဗီလာအသင်းမှ မော်ဂန်ရော်ဂျာအား စံချိန်တင်ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၁၇ သန်းဖြင့် ခေါ်ယူရန်သဘောတူညီမှုရရှိ

လန်ဒန် ဇူလိုင် ၁၉

ချယ်လ်ဆီးအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အက်စ်တွန်ဗီလာအသင်းမှ မော်ဂန်ရော်ဂျာအား စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် ၁၁၇ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ် ကွင်းလယ်ကစားသမား မော်ဂန်ရော်ဂျာသည် ၂၀၂၃ ခုနှစ်က မစ်ဒယ်ဘရော့အသင်းမှ အက်စ်တွန်ဗီလာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၅ ပွဲကစားခဲ့ပြီး ၁၄ ဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ၁၁ ကြိမ်ပြုလုပ်နိုင်သည်အထိ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။



လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် မော်ဂန်ရော်ဂျာက အက်စ်တွန်ဗီလာအသင်းမှ ထွက်ခွာရန်အတွက် ဆုံးဖြတ်ခဲ့ပြီးနောက် အစောပိုင်းက အာဆင်နယ်အသင်းက ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း ချယ်လ်ဆီးအသင်းက ကြားဖြတ်ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့ပြီးနောက် စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက အင်္ဂလန်ကစားသမားများတွင် ပြောင်းရွှေ့ကြေးအများဆုံးကစားသမားအဖြစ် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင်ပင် နော်တင်ဟမ်အသင်းမှ မန်စီးတီးအသင်းထံ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၁၆ သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့သည့် အန်ဒါဆန်က ရပ်တည်နေသော်လည်း လက်ရှိတွင် မော်ဂန်ရော်ဂျာက စတာလင်ပေါင် ၁၁၇ သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည့်အတွက် အန်ဒါဆန်ကို ကျော်ဖြတ်ပြီး အင်္ဂလန်ကစားသမားများတွင် ပြောင်းရွှေ့ကြေးအမြင့်ဆုံးကစားသမားအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မော်ဂန်ရော်ဂျာအနေဖြင့် အင်္ဂလန်အသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်နေသည့်အတွက် ချယ်လ်ဆီးအသင်းနှင့် ပူးပေါင်းနိုင်ဦးမည်မဟုတ်ဘဲ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးမှသာ ပူးပေါင်းပြီး အပြီးသတ်လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။

*Ref:TNT Football*

# ကမ္ဘာ့ဖလားပြိုင်ပွဲ သတင်းအတိုများ

ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် မက်ဆီသည် ပြိုင်ပွဲနှစ်ကြိမ်ဆက်ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားဆုကို ငါးကြိမ်ရယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် စံချိန်တင်နိုင်ခဲ့သည်။ မက်ဆီသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားဆုကို ငါးကြိမ်ရရှိသကဲ့သို့ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အပြီးတွင် ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားဆုကို ငါးကြိမ်ရယူထားပြီး ပြိုင်ပွဲနှစ်ကြိမ်ဆက်ရယူနိုင်သကဲ့သို့ အကြိမ်ရေအများဆုံးကစားသမားအဖြစ်လည်း ရပ်တည်လျက်ရှိသည်။



— — — — —

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ်ကစားခဲ့သည့် အင်္ဂလန်အသင်းနှင့် အာဂျင်တီးနားအသင်းတို့ပွဲစဉ်အပြီးတွင် ဖော်ကလန်ကျွန်းအရေးနှင့်ပတ်သက်သောစာသားများပါဝင်သည့် နဖူးစည်းများဝတ်ဆင်ခဲ့ပြီး ပိုစတာများဖြင့် အောင်ပွဲခံခဲ့ကြသည့် အာဂျင်တီးနားအသင်းမှ ကစားသမားများကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရန် ပြင်ဆင်နေသည်။ အဆိုပါပွဲစဉ်တွင် အာဂျင်တီးနားအသင်းမှ ရိုမဲရိုး၊ မာတီနက်တို့အပါအဝင်ကစားသမားတချို့က ဗြိတိန်နှင့် အာဂျင်တီးနားတို့ကြား အငြင်းပွားနေသည့် ဖော်ကလန်ကျွန်းအရေးနှင့်ပတ်သက်သည့်စာသားများဖြင့် အောင်ပွဲခံခဲ့ခြင်းဖြစ်သည်။



— — — — —

အင်္ဂလန်အသင်းနည်းပြ တူချယ်က လာမည့် ၂၀၂၈ ယူရိုပြိုင်ပွဲအထိ အသင်းကို တာဝန်ယူကိုင်တွယ်မည်ဟု ပြောကြားခဲ့သော်လည်း အသင်းမှ အဓိက ကစားသမားအများစုက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ်ကစားသည့် အင်္ဂလန်အသင်းနှင့် အာဂျင်တီးနားအသင်းတို့ပွဲစဉ်မှ နည်းပြတူချယ်၏ ခံစစ်ပိုင်း လိုအပ်သည်ထက် ပိုမိုပိတ်ဆို့ကစားသည့် နည်းစနစ်အပေါ် မကျေမနပ်ဖြစ်နေသည့်အတွက် နည်းပြတူချယ်၏ အနာဂတ်မရေမရာဖြစ်နေပြီး နည်းပြသစ်အဖြစ် မန်စီးတီးအသင်းနည်းပြဟောင်း ဂွါဒီယိုလာနှင့် သတင်းများထွက်ပေါ်နေသည်။



# ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးမှုအနေဖြင့် ဇွန်လ (မိုးဦးကာလ)တွင် တစ်ကြိမ်၊ ဇူလိုင်လမှ ဩဂုတ်လအတွင်း (မိုးလယ်ကာလ)တွင် တစ်ကြိမ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း (မိုးနှောင်းနှင့် မိုးလွန်ကာလ)တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ဖြစ်ပေါ်လေ့ရှိပါသည်။ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသများအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ် ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံခြင်းများ ကြိုတင်သတိပြု ရှောင်ရှားရန် လိုအပ်ပါသည်။

၂။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေ ဖြင့် ရေဘေးဖြစ်ပွားမှုကြောင့် နေအိမ်အဆောက်အဦပေါင်းများစွာ ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန် သေဆုံး၊ ထိခိုက်/ဒဏ်ရာ ရရှိမှုများပြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေး မဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက် ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- (က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ။
- (ခ) မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်း များနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။
- (ဂ) ရေစိုပျက်စီးနိုင်သောပစ္စည်းများကို ခြောက်သွေ့၍မြင့်သော နေရာတွင်ထားရှိပါ။
- (ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ။
- (င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။
- (စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုး ပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ။
- (ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်း များကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်းသတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါ တို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်-

- (က) သက်ဆိုင်ရာအစိုးရဌာနမှထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက် များကိုလိုက်နာပါ။ အခြားသူများကိုမျှဝေပါ။
- (ခ) တောင်ပေါ်ဒေသများ၊ ချောင်းများ၊ မြစ်ဖျားများတွင် မိုးကြီး ပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်း များဖြစ်နိုင်ကြောင်း သတိပြုကြပါ။
- (ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက် စာတမ်းများကို မိမိနှင့်အတူထားရှိပါ။
- (ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့် သူ စသည်တို့အားရေးသားပြီး မိသားစုဝင်တိုင်းယူဆောင် ထားပါ။
- (င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ် ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက် ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက် များအား အသိပေးနှိုးဆော်အပ်ပါသည်-

- (က) သက်ဆိုင်ရာအစိုးရဌာနမှထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက် များကိုလိုက်နာပါ။
- (ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်များကိုပိတ်ထားပါ။
- (ဂ) သောက်သုံးရေသန့် (သို့မဟုတ်) ကျိုချက်ထားသောရေ (သို့မဟုတ်) ရေသန့်ဆေးခတ်ထားသောရေကိုသာ အမြဲ သောက်သုံးပါ။
- (ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ။
- (င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ် ပါနှင့်။
- (စ) ရေကြီးသောဒေသများတွင် မြစ်၊ ချောင်း၊ ကမ်းပါးတိုက်စား ပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများ အနီးသို့မသွားပါနှင့်။
- (ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါ နှင့်။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက် ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

- (က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။
- (ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေ ကောင်များအား စနစ်တကျမီးရှို့ခြင်း (သို့မဟုတ်) မြေမြှုပ် ခြင်းများပြုလုပ်ပါ။
- (ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်သစ်ပင် သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။
- (ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကိုဂရုပြုပါ။
- (င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။
- (စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ် သည့် ကောလာဟလသတင်းများကိုမယုံပါနှင့်။
- (ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။
- (ဇ) ရေစိုပြီးအနံ့အသက်မကောင်းသော အစားအစာများ မစား ပါနှင့်။
- (ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ် ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇- ၃၄၀၄၇၇၇ တို့ကိုဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်သည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မိုးကြိုးဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်




ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
နှင့်
Mount Pleasant Coffee
PURE ARABICA COFFEE
MOUNT PLEASANT COFFEE
2 plus 1
Black Coffee
PYIN OO LWIN
NAN MYAING
Nan Myaing
2+1 coffee
Drip Coffee
ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား ...
DAGON
MALTA FRESH
Net Content 330 ml
ABA
Prize of the Jury 2016
ပင်ရင်းအရောင်း- ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Smart®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။ ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။ ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ညင်ချီ(ခ)လင်ကျစ်မြို့၌ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖိုရမ် ( THE 5th CHINA XIZANG TRANS–HIMALAYA FORUM FOR INTERNATIONAL COOPERATION)သို့ တက်ရောက်ခဲ့သော ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၁၈ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ညင်ချီ(ခ)လင်ကျစ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြသည်။

ထိုသို့ထွက်ခွာရာတွင် ကိုယ်စားလှယ်အဖွဲ့အား ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာကျောင်းပန်နှင့်တာဝန်ရှိသူများက လင်ကျစ်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် ဇူလိုင်လ ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မြဝတီ



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၉

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေ၀က်ကျော်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။


သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## ဝိုင်းဝန်းကြိုးစား ဝါကဏ္ဍမြင့်မား မြှင့်တင်ကြစို့ နိုင်ငံ့စီးပွား

ဆောင်းပါး၊ စာ - ၂၅ သို့

## မိုးကြီးမည့်သတိပေးချက်

### နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်




နေပြည်တော် ဇူလိုင် ၁၉

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင်လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင်လ ၂၀ ရက်မှ ၂၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊

စာမျက်နှာ ၂၇ ကော်လံ ၁ ●

## ပုဂံဒေသထွက် မြန်မာ့ရိုးရာယွန်းထည်လုပ်ငန်းများ ပုံမှန်လည်ပတ်လျက်ရှိ

ညောင်ဦး ဇူလိုင် ၁၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံဒေသ၏အထိမ်းအမှတ်တစ်ခုဖြစ်သော မြန်မာ့ရိုးရာလက်မှုအနုပညာ ယွန်းထည်ထုတ်လုပ်မှု လုပ်ငန်းများကို ညောင်ဦးမြို့၊ ပုဂံမြို့နှင့် မြင်းကပါကျေးရွာတို့ရှိ ယွန်းလုပ်ငန်းရှင်များက ပုံမှန်လုပ်ကိုင်ရောင်းချလျက်ရှိသည်။ ယွန်းထည်ပစ္စည်းများသည် ချက်ချင်းပြုလုပ်၍ ချက်ချင်းရောင်းချရသည့် ကုန်ပစ္စည်းအမျိုးအစားမဟုတ်ခြင်းကြောင့် လက်ရှိတွင် ခရီးသွားဧည့်သည် ဝင်ရောက်မှုနည်းပါးနေလင့်ကစား

စာမျက်နှာ ၁၄ ကော်လံ ၃ ○



## မြစ်ကြီးနားတက္ကသိုလ်၌ နိုင်ငံတကာပညာရေးဖိုရမ် -၂၀၂၆ ကျင်းပမည်

စာ - ၁၄ သို့



## ဝါစိုက်ပျိုးထုတ်လုပ်မှုတွင် စက်ကိရိယာ တွင်ကျယ်စွာ အသုံးပြုနိုင်ရေး ကျောပိုးဝါဆွတ်စက်ဖြင့် ဝါဆွတ်ခူးမှု သရုပ်ပြ

စာ - ၁၄ သို့

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီနှင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA)တို့ တွေ့ဆုံဆွေးနွေး

စာ - ၆ သို့

## တရုတ်တောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမည့် သတိပေးချက်ထုတ်ပြန်

စာ - ၂၃ သို့

## အိန္ဒိယ၌ ရေကြီးမြေပြိုမှုများကြောင့် လူ ၁၉ ဦးသေဆုံး

စာ - ၂၃ သို့